# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (16-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စက်မှုဝန်ကြီးဌာန၊ မူဝါဒနှင့်ပြည်ပရေးရာဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနပြခန်းများကို ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ - ၁၀

**မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် သုံးမြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေး ချေးငွေထုတ်ပေးသွားမည်** စာမျက်နှာ - ၂




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# အားကစားဖြင့် တပ်မတော်နှင့်နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်

မြန်မာ့အားကစား အောင်မြင်မှုအခန်းကဏ္ဍတွင် တပ်မတော်သားများ၏ ထူးချွန်ပြောင်မြောက်စွာ ပါဝင်စွမ်းဆောင်ချက်များကြောင့် ပြည်တွင်းသာမက နိုင်ငံတကာပြိုင်ပွဲများ၌လည်း လျှမ်းလျှမ်းတောက်အောင်မြင်မှုများ ရရှိခဲ့သည့် သမိုင်းမှတ်တမ်းကောင်းများ ကြွယ်ကြွယ်ဝဝရှိခဲ့ပေသည်။ ထိုထိုသော အောင်မြင်မှုများသည် ယခုကဲ့သို့ကျင်းပသော တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲကြီး၏ အသီးအပွင့်တစ်ခုပင်ဖြစ်သည်။

ယခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင်လည်း အားကစားနည်း ၁၀ မျိုးကို ယှဉ်ပြိုင်သွားကြရမည်ဖြစ်ပြီး အဆိုပါအားကစားနည်းများသည် တပ်မတော်သားများ၏ ကိုယ်ကာယကြံ့ခိုင်မှု၊ ဇွဲသတ္တိရှိမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ညွှန်းသည့်ပြိုင်ပွဲဖြစ်သကဲ့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲမှတစ်ဆင့် ထူးချွန်သည့် အားကစားသမားများကို နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ်အားကစားသမားများအဖြစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်ကျင်းပခြင်းလည်းဖြစ်ပေသည်။

**"အားကစားဆိုသည်မှာ ပြောင်းလဲလာသည့်အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်လာနေပြီကို ပြောကြားလိုကြောင်း၊ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်ကြောင်း၊ အားကစားသမားကောင်းတစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသားဖြစ်စေခဲ့ကြောင်း၊"** နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အားကစားဟူသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့်အခြေခံအချက်အပေါ်တွင် မူတည်လျက်ရှိသောကြောင့် အဆိုပါ အရည်အသွေးများ ပြည့်ဝနေအောင် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။ ထို့ပြင် မိမိတို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့် အယူအဆ၊ မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်ပေသည်။

တပ်မတော်သားများအနေဖြင့် အားကစားကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဟူသည့် အသိတရားမွေးမြူပြီး မလျှော့သော ဇွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။ အတိတ်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများ၏ ကောင်းမွေများကို ခံယူပြီး နောင်လာနောက်သားမျိုးဆက်သစ်အားကစားသမားများအတွက် စံနမူနာပြလက်ဆင့်ကမ်းအမွေပေးနိုင်အောင် ကြိုးစားရန်၊ စစ်သားကောင်း၊ အားကစားသမားကောင်းပီသသည့် စိတ်ဓာတ်များဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်ရန် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သောကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် အားကစားသမားများအနေဖြင့် မိမိတို့ယှဉ်ပြိုင်ကြရမည့် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင် ကြိုးစားပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် သုံးမြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေး ချေးငွေထုတ်ပေးသွားမည်



**မန္တလေး နိုဝင်ဘာ ၁၅**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း JICA (Two Step Loan) ချေးငွေဖြင့် မြို့နယ် သုံးမြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ယခုလအတွင်း ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်မြို့နယ်၊ စဥ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်တို့ရှိ တောင်သူများကို လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ရန်၊ တောင်သူများ၏ လုပ်ငန်းခွင်များတွင် လျင်မြန်ချောမွေ့ပြီး လုပ်ငန်းများတွင်ကျယ်လာစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ ပူးပေါင်းပြီး လယ်ယာသုံးစက်ကိရိယာပစ္စည်းများဖြစ်သော ထွန်စက်ကြီး၊ ထော်လာဂျီ၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် အခြားလယ်ယာသုံးစက်ကိရိယာများကို တောင်သူများ လိုအပ်ချက်ရှိသည့် စက်အမျိုးအစားအလိုက် ဝယ်ယူအသုံးပြုနိုင်ရေး ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေကို လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို အသွင်ကူးပြောင်းလာနိုင်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးနေတာပါ။ ဒါမှလဲ တောင်သူတွေရဲ့ဘဝဟာ ဖွံ့ဖြိုးတိုးတက်ပြီးတော့ အဆင့်အတန်းမြင့်မားလာမှာပါ။ အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးမှာပါ။ တောင်သူတွေ မိမိတို့ရဲ့ လုပ်ငန်းခွင်မှာ အဆင်ပြေစွာအသုံးပြုနိုင်မဲ့ လိုအပ်တဲ့ စက်အမျိုးအစားကို ဝယ်ယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနေတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

အဆိုပါ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်သည့်အတွက် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် အချိန်တိုကာလအတွင်း ဆောင်ရွက်နိုင်သည့်အပြင် စိုက်ချိန်ပျိုးချိန်လည်း အချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သီးနှံများလည်း ပျက်စီးဆုံးရှုံးမှုနှင့် အလေအလွင့် နည်းပါးစေပြီး လုပ်သားရှားပါးမှုကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# ဧရာဝတီမြစ်ရေလမ်းကြောင်း ချောက်မှဝန်းမော်ထိ သောင်ထွန်းမှု ဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များသတိပြုသွားလာသင့်ဟုဆို

**မန္တလေး နိုဝင်ဘာ ၁၅**

ဧရာဝတီမြစ်ရေလမ်းကြောင်း ချောက်မှဝန်းမော်ထိ သောင်ထွန်းမှုဖြစ်ပေါ်သည့်နေရာ ၂၀ ကျော်ရှိသောကြောင့် မန္တလေးဆိပ်ကမ်းမှ ထွက်ခွာမည့် ရေယာဉ်များ သတိပြုသွားလာသင့်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်ရေလမ်းကြောင်း ချောက်မှဝန်းမော်ထိ သောင်ထွန်းသည့်နေရာ ၂၀ ကျော်ရှိနေကြောင်း၊ အဆိုပါ သောင်ထွန်းမှုဖြစ်ပေါ်နေသည့်နေရာများတွင် ရေယာဉ်များသတိပြုသွားလာခြင်းမရှိပါက ခရီးသည်တင်သင်္ဘောများနှင့်ကုန်တင်သင်္ဘောများ သောင်တင်မှုများဖြစ်ပေါ်နိုင်သဖြင့် သတိပြုသွားလာသင့်ကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း မြစ်ရေတဖြည်းဖြည်းပြန်ကျလာနေပါပြီ။ အခုက မြစ်ရေနည်းချိန်ကာလဖြစ်တာကြောင့် မြစ်အတွင်း နေရာတော်တော်များများမှာ သောင်ထွန်းမှုတွေ စတင်ဖြစ်ပေါ်နေပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တိုင်းတာရရှိချက်အရ ဧရာဝတီမြစ်ရေမှာ မန္တလေးမြို့တွင် ၄၅၂ စင်တီမီတာဖြစ်ကြောင်း၊ ဧရာဝတီမြစ် ရေနည်းသတိပေးမှတ်မှာ စင်တီမီတာ ၃၆၀ ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေလမ်းကြောင်း ချောက်ကနေဝန်းမော်ကြား အချို့နေရာတွေမှာဆို သောင်တွေက မြစ်ရေနဲ့ နစ်မြုပ်တဲ့နေရာတွေရှိနေတာကြောင့် ရေပေါ်နဲ့ကမ်းပေါ်မှာစိုက်ထူပြသပေးထားတဲ့ ရေလမ်းညွှန်အမှတ်အသားတွေကိုကြည့်ပြီး အထူးဂရုပြုသွားလာကြဖို့လိုအပ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

(၁၈၄)

# သီရိမာလာကုန်စိမ်းဈေးတွင် အောင်ပန်းနှင့် ပြင်ဦးလွင်မှ ထွက်ရှိလာသည့် မုန်ညင်းဖြူများ ဈေးကောင်းရရှိ

**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အောင်ပန်းနှင့် ပြင်ဦးလွင်ဒေသမှ ထွက်ရှိလာသည့် မုန်ညင်းဖြူများ ဈေးကောင်း ရရှိနေကြောင်း အဆိုပါဈေးရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်ဒေသနှင့် အောင်ပန်းဒေသထွက် မုန်ညင်းဖြူများသည် လက်ရှိတွင် သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုအခါ မုန်ညင်းဖြူဈေးနှုန်းများမှာ အချိန် ၂၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက အဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသနဲ့ ပြင်ဦးလွင်ဒေသဘက်ကပဲ ဝင်ရောက်လာတာပါ။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတာကြောင့် ဈေးနှုန်းတွေက တက်သွားတာပါ။ လက်ရှိမှာ ဒီဈေးကို မုန်ညင်းဖြူကားတွေအနေနဲ့ အောင်ပန်းနဲ့ ပြင်ဦးလွင်ကနေပဲ တစ်ရက်ကို ငါးစီး၊ ခြောက်စီး ဝင်ပါတယ်။ ပြင်ဦးလွင်နဲ့ အောင်ပန်းဒေသကပဲ ထွက်ရှိလာပြီး ဒေသစုံက ဝယ်ကြတာများတဲ့အတွက် ဈေးကောင်းနေတာပါ" ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာကုန်စိမ်းဈေးတွင် မုန်ညင်းဖြူအပြင် အာလူး၊ သခွား၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါး၊ ခရမ်းသီး၊ ပန်းမုန်လာတို့လည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ ဓာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၀၉–၄၅၈၈၉၁၃၀၀၊ကြော်ငြာ–၈၄လမ်းနှင့်၂၉–၃၀လမ်းကြား–၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လှိုင်းဘွဲ့မြို့နယ် ကမော့ကချူး(ကရင်စု)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကမော့ကချူး(ကရင်စု)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးမြနန္ဒာထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကမော့ကချူး(ကရင်စု)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကမော့ကချူး(ကရင်စု)ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးမြနန္ဒာထွန်းက ပြောပြ၍ သိရသည်။

**ကျော်ခိုင်**

# ရွှေတောင်မြို့နယ်ရှိ ကျေးရွာ ၁၄ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရွှေတောင် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များမှာကြားသည်။

ရွှေတောင်မြို့နယ်အတွင်းရှိ ကျောက်ဖူး၊ မြောင်းတပ်၊ ကံသုံးဆင့်လေး၊ လေးထောင့်ကန်၊ ပွဲသာ၊ ကြခင်းစု၊ ကြို့ကိုးပင်၊ ရှင်ငယ်ရွာဟောင်း၊ နတ်စဉ်ကုန်း၊ ကံသာယာ၊ တည်ကုန်းကြီး၊ တည်ကုန်းလေး၊ ရွာထင်နှင့် လက်ရဲတပ်ကျေးရွာတို့၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၄၀၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ တတိယပတ်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသူက ပြောပြ၍ သိရသည်။

**သုတ**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ ကာလအတွင်း မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၁၄၀၀ ကျော်ရှိနေ



**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ ကာလအတွင်း မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၄၀၀ ကျော်ရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)ညွှန်ကြားရေးမှူး ဦးလေးနိုင်ထံမှ သိရသည်။

ယခုနှစ် ဧပြီလမှ အောက်တိုဘာလထိ ခုနစ်လတာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၂ ခုကို ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၁၄၀၀ ကျော်ထိရှိကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ အောက်တိုဘာလထိ ကာလအတွင်း မြန်မာနိုင်ငံမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၀၀ ကျော်ထိ ရှိနေပြီဖြစ်ပါတယ်။ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုကို ကြည့်မယ်ဆိုရင် စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံး ဝင်ရောက်ထားပြီး အမေရိကန်ဒေါ်လာသန်း ၈၁၀ ကျော်ထိရှိပါတယ်။ ဝန်ဆောင်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာသန်း ၄၁၀ ကျော်နဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာသန်း ၁၈၀ လောက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ထားပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူး ဦးလေးနိုင်က ပြောပြ၍ သိရသည်။

ထိုသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ထားရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မေလတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ဖြင့် အများဆုံးဝင်ရောက်ခဲ့ပြီး အောက်တိုဘာလတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အမေရိကန်ဒေါ်လာသန်း ၂၁၀ ကျော်ဝင်ရောက်ခဲ့ရာ အဆိုပါပမာဏသည် ယခုဘဏ္ဍာနှစ်အတွင်း ဒုတိယအများဆုံးဝင်ရောက်မှုဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း စင်ကာပူနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုမှာ အများဆုံးဖြစ်ပြီး လုပ်ငန်း ၁၄ ခုဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၄ ဘီလီယံထိရှိကြောင်း၊ တရုတ်နိုင်ငံက လုပ်ငန်း ၂၂ ခုဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၉၀ ကျော်ရှိကြောင်း သိရသည်။

**ASH**

# ပြင်ဦးလွင်မြို့နယ် နားကူးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကူးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထိုက်၊ တာဝန်ခံအင်ဂျင်နီယာများနှင့် ဝန်ထမ်းများက နားကူးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ပြင်ဦးလွင်မြို့နယ် နားကူးကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းမှုလရန်ပုံငွေကျပ် ၂၃ ဒသမ ၇၅ သန်းဖြင့် အနက်ပေ ၄၀၀၊ အကျယ် လေးလက်မ စက်ရေတွင်းတူးဖော်ပြီး ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို အောင်ဇမ္ဗူမြင့်ကုမ္ပဏီက ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက ပြောပြ၍ သိရသည်။

**အေးသူ**

# ပင်လောင်းမြို့နယ် ရေခေါင်းတိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပင်လောင်း နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ရေခေါင်းတိုကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သီတာဟန်နှင့် စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ရေခေါင်းတိုကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သောငွေအရင်းအနှီးများရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေခေါင်းတိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(Type-1) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ပြောပြ၍ သိရသည်။

**ရှိုင်းသန်းညွန့်**



# သီရိခေတ္တရာပြတိုက်

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုဖြစ်သော ပျူယဉ်ကျေးမှုဒေသ သရေခေတ္တရာသို့ ရောက်ရှိလာကြသူများသည် သရေခေတ္တရာမြို့ဟောင်းကို လေ့လာပြီးလျှင် သရေခေတ္တရာမှရရှိခဲ့သည့် ယဉ်ကျေးမှုအထောက်အထားပစ္စည်း ၂၄၇ ခုကို ခင်းကျင်းပြသထားသည့် သီရိခေတ္တရာပြတိုက်သို့ ဝင်ရောက်လေ့လာလေ့ရှိကြသည်။

သီရိခေတ္တရာပြတိုက်သည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သရေခေတ္တရာမြို့ဟောင်း မှော်ဇာကျေးရွာတွင်တည်ရှိကာ မြို့ဟောင်း၏ မြောက်ဘက်မြို့ရိုးဝင်ပေါက်တစ်ခုဖြစ်သည့် နတ်ပေါက်မှ တစ်မိုင်ကွာဝေးပြီး ပြည်မြို့မှတစ်ဆင့် အလွယ်တကူသွားရောက်နိုင်ကြသည်။

သီရိခေတ္တရာပြတိုက်ကို ၂ ဒသမ ၅ ဧကကျယ်ဝန်းသော မြေကွက်ပေါ်တွင် တည်ဆောက်ထားကာ ပြတိုက်အဆောင်သုံးဆောင်နှင့် သတင်းအချက်အလက်ဌာနကို ဖွင့်လှစ်ထားသည်။

**သရေခေတ္တရာ၏နောက်ခံ**

မြန်မာရာဇဝင်ကျမ်းများတွင် သရေခေတ္တရာကို ဗုဒ္ဓဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီး ၁၀၁ နှစ်(ခရစ်တော်မပေါ်မီ ၄၄၃ ခုနှစ်)တွင် တည်ထောင်ခဲ့ကြောင်း၊ ဒွတ္တပေါင်မင်းမှစ၍ မင်းစဉ်မင်းဆက်အုပ်စိုးခဲ့ကြပြီး သုပညာနာဂရဆိန္နမင်းလက်ထက်တွင် ပျက်စီးခဲ့ကြောင်း ရေးသားကြသည်။

တွေ့ရှိထားပြီးသော အထောက်အထားများအရ သရေခေတ္တရာသည် အေဒီတစ်ရာစုမှ ကိုးရာစုကြား၌ ထွန်းကားခဲ့သော ပျူမြို့ပြနိုင်ငံများအနက် အထင်ရှားဆုံးမြို့ဖြစ်ပြီး ခရစ်တော်မပေါ်မီ နှစ်ရာစုနှောင်းပိုင်းတွင် တည်ဆောက်ခဲ့သည်ဟုအဖြေထွက်ရှိကြောင်း၊ ဒွတ္တပေါင်ဟု ခေါ်ဆိုကြသည့် တွဲဖုံး ဝေါဟာရသည် လူပုဂ္ဂိုလ်တစ်ဦး၏ အမည်မဟုတ်ဘဲ မင်းကြီးဟု ရည်ညွှန်းသည့်ဂုဏ်ပုဒ်တစ်ခုဖြစ်ကြောင်း၊ ပျူလူမျိုးများသည် အစောပိုင်းတွင် ဖြဟ္မဏအယူဝါဒကို လက်ခံခဲ့ကြကာ နောက်ပိုင်းတွင် မဟာယာနဗုဒ္ဓဘာသာကို ယုံကြည်ခဲ့ကြဟန်ရှိကြောင်းနှင့် ၁၄ ရာစုတွင် ပျောက်ကွယ်ခဲ့ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဆုံး ရှေးဟောင်းသုတေသနတာဝန်ခံ ဒေါက်တာ အီးဖိုချားမား(Dr.E Forcham-maer) သည် သရေခေတ္တရာကို ပထမဆုံးကွင်းဆင်းသုတေသနပြုခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် ပြင်သစ်ဗိုလ်ချုပ်လီယွန်ဒီဗြဲလီယေ(Leon de Beylie)နှင့် ကျောက်စာဝန် မစ္စတာတော်စိန်ခိုတို့သည် သရေခေတ္တရာကိုတူးဖော်ခဲ့ကြပြီး နောက်ပိုင်းတွင် မစ္စတာတော်စိန်ခို၊ ဦးလူဖေဝင်း၊ မွန်ဆီယာဒူရွိုင်ဆယ် အစရှိသော ကျောက်စာဝန်များသည် သရေခေတ္တရာကို ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်ထိ အခါအားလျော်စွာ တူးဖော်ခဲ့ကြသည်။ သရေခေတ္တရာကို ခေတ်အဆက်ဆက်တူးဖော်ခဲ့ကြသဖြင့် ယခုအချိန်ထိကုန်း ၆၅ ကုန်းကို တူးဖော်ခဲ့ပြီး တူးဖော်မှုများတွင် ပျူယဉ်ကျေးမှုအထောက်အထားများစွာကို တွေ့ရှိခဲ့ရသည်။

ရှေးဟောင်းမြန်မာရာဇဝင်များတွင် သရေခေတ္တရာ၌ တံခါးကြီး ၃၂ ပေါက်၊ တံခါးငယ် ၃၃ ပေါက်ရှိခဲ့ကြောင်း ရေးသားကြသော်လည်း လက်တွေ့ကွင်းဆင်းလေ့လာမှုများအရ မြို့ဝင်ပေါက်ကိုးပေါက်သာတွေ့ရှိရသေးပြီး ၎င်းတို့သည် မြို့ဟောင်းအရှေ့ဘက်တွင် မုဒ္ဒောပေါက်နှင့်တွင်းဖြူပေါက်၊ အနောက်ဘက်တွင် ရွှေတံခါးပေါက်နှင့် မုဓ်ရှည်ပေါက်၊ တောင်ဘက်တွင် ရဟန္တာပေါက်၊ ဘီလူးမပေါက်နှင့် သာယာဝတီပေါက်၊ မြောက်ဘက်တွင် နတ်ပေါက်နှင့် နဂါးတွန့်ပေါက်တို့ဖြစ်ကြသည်။

**သီရိခေတ္တရာပြတိုက်**

ရှေးဟောင်းသုတေသနတူးဖော်မှုများမှ ရရှိခဲ့သည့် ယဉ်ကျေးမှုအထောက်အထားများကို ထိန်းသိမ်း၍ အများပြည်သူများကိုပြသရန် အဆောက်အအုံများလိုအပ်လာခဲ့သဖြင့် ရှေးဟောင်းသုတေသနပြတိုက်များပေါ်ထွန်းလာခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ရှေးဟောင်းပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ပြတိုက်သည် အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော ယဉ်ကျေးမှုများ၊ သမိုင်းကြောင်းများ၊ တန်ဖိုးရှိပြီး အနုပညာလက်ရာမြောက်သော အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊




သုတေသနပြုရန်၊ အများပြည်သူ စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်ရည်ရွယ်၍ အစိုးရဌာန အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံဖြစ်သည်။

ထို့ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း၌ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားပြတိုက်(ရန်ကုန်) အပါအဝင် ရှေးဟောင်းသုတေသနပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်၊ နေအိမ်ပြတိုက်၊ ပုံစံငယ်ပြတိုက်စသည်ဖြင့် ပြတိုက်ပေါင်း ၃၀ ဖွင့်လှစ်ထားရာ သီရိခေတ္တရာပြတိုက်သည် ရှေးဟောင်းသုတေသနပြတိုက်တစ်ခုဖြစ်သည်။

၁၉၀၇ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်းကို ပထမဆုံးတူးဖော်ချိန်မှစ၍ ရရှိခဲ့သည့်ပစ္စည်းများကို ကမ္ပည်းကျောက်စာဌာနက စုဆောင်းထိန်းသိမ်းခဲ့သည်။ ၎င်းနှစ်၌ပင် ပြင်သစ်ဗိုလ်ချုပ် လီယွန်ဒီဗြဲလီယေနှင့် မစ္စတာတော်စိန်ခိုတို့သည် မှော်ဇာကျေးရွာနန်းတော်ကုန်းမြောက်ဘက်ရှိ ကျောက်ကာသိမ်ကျောင်းအတွင်းမှ ဗုဒ္ဓရုပ်ပွားတော် ကျောက်ဆစ်ရုပ်ကြွများကို တွေ့ရှိခဲ့သည်။ ၎င်းတို့သည် အလွန်ကြီးမားလေးလံပြီး သယ်ယူထိန်းသိမ်းရန် မလွယ်ကူသောကြောင့် ၎င်းနေရာ၌ပင် အလျားပေ ၅၀၊ အနံပေ ၂၀ ရှိသည့် အဆောက်အအုံတစ်ခုကို ဆောက်လုပ်၍ ထိန်းသိမ်းထားခဲ့ရာမှ ၁၉၁၅ ခုနှစ် မတ်လ၌ ကျောက်ကာသိမ်ပြတိုက်ပေါ်ထွန်းခဲ့သည်။ ကျောက်ကာသိမ်ပြတိုက်ကို မြန်မာနိုင်ငံ၏ ပထမဆုံးသော တူးဖော်မှုနေရာပြတိုက်(Site Museum)ဟု ခေါ်ဆိုနိုင်သည်။

သရေခေတ္တရာတူးဖော်မှုများမှရရှိခဲ့သည့် ပစ္စည်းများသည် တစ်စတစ်စများပြားလာသဖြင့် ၁၉၆၀-၁၉၆၁ ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှုကောင်စီက သီရိခေတ္တရာပြတိုက်သစ်ကို ဆောက်လုပ်၍ ၁၉၆၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ တိုးချဲ့ဆောင်(၂)ကို ၁၉၇၂ ခုနှစ်တွင်လည်းကောင်း၊ တိုးချဲ့ဆောင်(၃)ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

**ခင်းကျင်းပြသထားမှုများ**

သီရိခေတ္တရာပြတိုက်ကို အင်္ဂလိပ်အက္ခရာ ယူပုံသဏ္ဌာန် တည်ဆောက်၍ ပြခန်းသုံးခန်းဖွဲ့စည်းထားသည်။ သီရိခေတ္တရာပြတိုက်ဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ပြတိုက်ရှေ့မြေကွက်လပ်တွင် ကျောက်အိုးကြီး လေးလုံးကို လဟာပြင်ပြကွက်အဖြစ် မြင်တွေ့ကြရသည်။ ၎င်းကျောက်အိုးကြီးများကို သရေခေတ္တရာမြို့ဟောင်းအတွင်းမှရရှိခဲ့ကာ ပြတိုက်ရှေ့တွင်ထားရှိ၍ အလှဆင်ထားသည်။

ပြတိုက်၏ ပင်မဆောင်ဖြစ်သည့် အဆောင်(၁)တွင် ရှေးဟောင်းသုတေသနနှင့် သမိုင်းပညာရပ်နယ်ပယ်တွင် အလွန်ထင်ရှားသည့် ပျူဘုရင်များ၏ကျောက်အရိုးအိုးသုံးလုံး၊ အဖုံးပါရှိသည့် မြေအရိုးအိုး၊ ကျောက်အရိုးအိုးငယ်၊ ခင်ဘကုန်းမှရရှိခဲ့သည့် ဌာပနာတိုက်ဖုံးကျောက်ပြား၊ ကျောက်ပလ္လင်များ၊ ဒွါရပါလ၊ တာရာဒေဝီ၊ ဗောဓိသတ္တကျောက်ဆစ်ရုပ်ကြွများနှင့်အတူ သရေခေတ္တရာတူးဖော်မှုမှတ်တမ်း၊ သရေခေတ္တရာ၏ရေအရင်းအမြစ်စီမံခန့်ခွဲမှုပုံစံ၊ သရေခေတ္တရာမင်းဆက်၊ သရေခေတ္တရာသမိုင်းကြောင်းစသည်တို့ကို ရုပ်ပုံကားချပ်များ၊ ဇယားများ၊ ဓာတ်ပုံများဖြင့် ပြသထားသည်။

ပြခန်းဆောင်(၂)တွင် ပျူခေတ်ယုံကြည်ကိုးကွယ်မှုနှင့် စာပေအထောက်အထားများကို ပြသထားရာ ဗုဒ္ဓဆင်းတုတော်များ၊ အုတ်ခွက်ဘုရားများ၊ ဟိန္ဒူအယူဝါဒဆိုင်ရာ သဲကျောက်ရုပ်တုများ၊ ပျူစာများပါရှိသည့် အုတ်ခဲများ၊ ပျူအက္ခရာများ ရေးထိုးထားသည့် ကျောက်ချပ်များ၊ ကျောက်စာတိုင်၊ ကြေးအရိုးအိုး၊ ငွေပေလွှာများနှင့်အတူ ခင်ဘကုန်းမှ တူးဖော်ရရှိခဲ့သည့် ရွှေပေလွှာအချပ် ၂၀ မူရင်းဓာတ်ပုံနှင့် အဓိပ္ပာယ်ရှင်းလင်းချက်ကို လေ့လာနိုင်ကြသည်။

ပြခန်းဆောင်(၃)တွင်မူ ပျူခေတ်ကဆောက်လုပ်ခဲ့သည့်အဆောက်အအုံများတွင် အသုံးပြုခဲ့သော ပွတ်လုံးတိုင်များ၊ မြေမီးဖုတ်ရုပ်ကြွများ၊ သံတိုမယ်နများ၊ ပျူယဉ်ကျေးမှုဆိုင်ရာ အသုံးအဆောင်များဖြစ်သည့် အရိုးအိုးများ၊ ပုတီးစေ့များ၊ ဒင်္ဂါးများ၊ ရွှေလက်စွပ်များ၊ ကြေးချူများ၊ ပန်းကန်ပြားများကို ပြသထားသည်။

ထို့အတူ ၁၉၆၇ ခုနှစ်တွင် ဘုရားမာအနီးမှ ရရှိခဲ့ပြီး ပျောက်ဆုံးသွားခဲ့ကာ ၁၉၈၃ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ သူဌေးတစ်ဦးက ပြန်လည်ပေးအပ်ခဲ့သည့် ပျူကချေသည် ကြေးရုပ်တုငါးရုပ်၏ ပုံစံတူအရုပ်များကို ပြသထားသည်။ ၎င်းအရုပ်များသည် ကခုန်နေသူ၊ ဗုံတီးနေသူ၊ ပလွေမှုတ်နေသူ၊ လင်းကွင်းတီးနေသူနှင့် ကျောပေါ်တွင်အထုပ်တစ်ထုပ်ကို ထမ်းထားသူတို့ဖြစ်ကြသည်။

ပြတိုက်တွင်ပြသထားသည့် ပစ္စည်းများသည် သရေခေတ္တရာတူးဖော်မှုများမှရရှိခဲ့သည့် ပစ္စည်းများ၊ ကွင်းဆင်းသုတေသနပြုလုပ်ရာမှ ရရှိခဲ့သည့်ပစ္စည်းများနှင့်လှူဒါန်းမှုများမှ ရရှိသည့်ပစ္စည်းများဖြစ်ကြကာ ၎င်းတို့ကို ပစ္စည်းအမျိုးအစားအပေါ် မူတည်လျက် အင်္ဂတေခုံများအပါအဝင် တင်ခုံမျိုးစုံ၊ မှန်ပုံးများ၊ နံရံကပ်မှန်ဗီရိုများဖြင့် ပြသထားကာ ရှင်းလင်းချက်များကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည်။ ပြသထားသည့် ပစ္စည်းများကို ထင်ပေါ်မှုရှိစေရန် LED (Spot Light) မီးများဖြင့် အလင်းပေးထားသကဲ့သို့ သဘာဝအလင်းရောင်ကိုလည်း အသုံးပြုသည်။

သီရိခေတ္တရာပြတိုက်ကို ပြန်တမ်းဝင်ရုံးပိတ်ရက်များနှင့် တနင်္လာနေ့မှလွဲ၍ နေ့စဉ် နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိ ဖွင့်လှစ်ပြသထားသည်။ ပြည်ပဧည့်သည်များကို ဝင်ကြေးငွေကျပ် ၅၀၀၀ ကောက်ခံ၍ ပြည်တွင်းဧည့်သည်များကို ဝင်ကြေးကောက်ခံခြင်းမရှိချေ။

ယဉ်ကျေးမှုအမွေအနှစ် စံနှုန်းများနှင့်ကိုက်ညီသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို လုံခြုံစိတ်ချစွာ တည်ရှိနေရေး၊ မပျက်စီးစေရန်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ သေသပ်လှပတင့်တယ်စွာ ပြသနိုင်ရေး၊ အများပြည်သူများ ဗဟုသုတရရှိစေရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြတိုက်များကို ဖွင့်လှစ်ပြသလျက်ရှိသဖြင့် သီရိခေတ္တရာပြတိုက်ကိုလည်း အဆင့်မြှင့်တင်၍ ခင်းကျင်းပြသထားသည်။

**ကျောက်ထွင်းအရိုးအိုးများ**


သီရိခေတ္တရာပြတိုက်တွင် ပြသထားသည့် ပျူယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများအနက် ပျူအက္ခရာစာများ ရေးထိုးထားသည့် ကျောက်အရိုးအိုးများသည် အထူးစိတ်ဝင်စားဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နေရာအများအပြား၌ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုများကို ဆောင်ရွက်ခဲ့သည့်အနက် ကျောက်အရိုးအိုးကြီး ငါးလုံးကို သရေခေတ္တရာတစ်နေရာတည်းမှ ရရှိခဲ့သည်။ ၎င်းတို့အားလုံးကို သရေခေတ္တရာရှိ စေတီများအနီးဝန်းကျင်များမှတွေ့ရှိခဲ့ရပြီး ဘုရားကြီးစေတီအနီးမှ လေးလုံးနှင့်ဘုရားထောင်စေတီအနီးမှ တစ်လုံးရရှိခဲ့သည်။ ကျောက်စာဝန် မစ္စတာတော်စိန်ခိုသည် သရေခေတ္တရာမြို့ဟောင်းအပြင်ဘက်ရှိ ဘုရားကြီးတောင်ဘက် ကိုက် ၂၀၀ အကွာမှ ကျောက်အရိုးအိုးလေးလုံးကို ၁၉၁၁ ခုနှစ်က တွေ့ရှိခဲ့သည်။

ကျောက်အရိုးအိုးများပေါ်တွင် ရေးထွင်းထားသည့် စာသားများကို အဓိပ္ပာယ်ဖော်နိုင်ခဲ့ကာ ဘုရားကြီးမှ ရရှိသည့် အိုးလေးလုံးသည် သူရိယဝိကြမ၊ ဟရိဝိကြမ၊ သိဟဝိကြမမင်းတို့၏အရိုးအိုးများဖြစ်ကြောင်းနှင့် ကျန်တစ်အိုးမှာ မင်းဆွေမင်းမျိုး သို့မဟုတ် မိဖုရားတစ်ဦးဦး၏ အရိုးအိုးဖြစ်နိုင်ကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ခင်ဦးမြို့နယ်တွင် ဆောင်းဆီထွက်သီးနှံများ စတင်စိုက်ပျိုးနေပြီး နိုဝင်ဘာ ၁၄ ရက်ထိ ဆီထွက်သီးနှံ ဧက ၄၃၈၇၀ စိုက်ပျိုးပြီးစီး

**ခင်ဦး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းဆီထွက်သီးနှံများ စတင်စိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်ထိ ဆီထွက်သီးနှံဧက ၄၃၈၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံ ၅၀၈၇၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၁၄ ရက်ထိ ဆီထွက်သီးနှံ ဧက ၄၃၈၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိ ဆီထွက်သီးနှံဧကလေးသောင်းကျော် စိုက်ပြီးသွားပါပြီ။ ဆီထွက်သီးနှံ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒီနှစ်က ရာသီဥတုကောင်းမွန်တော့ ပိုစိုက်နိုင်တဲ့အနေအထားပါ။ ကျွန်တော်တို့ဆီမှာ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၃၁၆၄၄ ဧက၊ နှမ်း ၁၂၀၃၈ ဧက၊ နေကြာ ၁၈၈ ဧက စုစုပေါင်း ဧက ၄၃၈၇၀ ဖြစ်ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ၃၄၃၃၄ ဧက၊ နှမ်းဧက ၁၅၇၄၀၊ နေကြာ ၁၀၀၅ ဧက စုစုပေါင်း ၅၀၈၇၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံများ စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

၁၉၉၃ ခုနှစ် မတ် ၁၈ ရက်တွင် သရေခေတ္တရာမြို့ရိုးအတွင်းရှိ ဘုရားထောင်စေတီအနီးမှ ထုလုံးရှည် ကျောက်အိုးတစ်လုံးကိုထပ်မံရရှိခဲ့ကာ အိုးအတွင်း၌ ဆင်းတုတော်အကျိုးအပဲ့များကို တွေ့ရှိခဲ့သည်။

ဘုရားကြီးမှတွေ့ရှိခဲ့သော ကျောက်အိုးများတွင် ရေးထွင်းထားသောစာများနှင့် ဘုရားထောင်ကျောက်အိုးပေါ်မှ စာများသည် တူညီသောအက္ခရာများဖြစ်ကြကာ ဘုရားကြီးကျောက်အိုးလေးလုံးပေါ်တွင် ရေးထွင်းထားသည့် အမည်များအရ သရေခေတ္တရာတွင် ဝိကြမမင်းဆက်အုပ်စိုးခဲ့ကြောင်း ယူဆနိုင်ခဲ့သည်။ ဘုရားကြီးကျောက်အိုးတစ်လုံးစီပေါ်တွင် အမည်တစ်ခုစီသာရေးထွင်းထားပြီး ဘုရားထောင်ကျောက်အိုးတွင် ဘုရင်အမည်များကို စာကြောင်းငါးကြောင်း ရေးထွင်းထားသည်။

၎င်းကျောက်ထွင်းအိုးများကို အိုးတွင်ရေးထိုးထားသည့် ဘုရင်အမည်များနှင့် ကွယ်လွန်ခဲ့သည့်ခုနှစ်များကြောင့် အရိုးအိုးများဟုသတ်မှတ်ခဲ့ကြသည်။ သို့သော် ၎င်းကျောက်အိုးများကို တွေ့ရှိခဲ့ချိန်တွင် ကျောက်အိုးများအတွင်း အရိုးစများ၊ အရိုးပြာများကို မတွေ့ရှိရဘဲ မြေကြီးများကိုသာတွေ့ရှိခဲ့ရကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က ရေးသားခဲ့သည်။ ထိုမြေကြီးများသည် ကွယ်လွန်သူများ၏ အရိုးပြာများလည်း ဖြစ်နိုင်ဖွယ်ရှိပြီး ၎င်းကျောက်အိုးများကို အရိုးအိုးများဟု လက်ခံကြသကဲ့သို့ လက်မခံကြသူများလည်း ရှိခဲ့သည်။

ယခုအခါတွင် ဘုရားထောင်ကျောက်အရိုးအိုးကို အမျိုးသားပြတိုက် (ရန်ကုန်)တွင် ပြသထားကာ ဘုရားကြီးကျောက်အိုးများအနက် သိဟဝိကြမအမည်ပါရှိသည့်အိုးကို အမျိုးသားပြတိုက်(နေပြည်တော်)တွင် ပြသထားသည်။ သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင်မူ သူရိယဝိကြမအမည်ပါရှိသည့် အရိုးအိုး၊ ဟရိဝိကြမ အမည်ပါရှိသည့် အရိုးအိုးနှင့် မင်းဆွေမင်းမျိုး သို့မဟုတ် မိဖုရားတစ်ပါး၏ အရိုးအိုးဟု ယူဆရသည့်အိုးကို ပြသထားသည်။

ကြီးမားကျယ်ဝန်းသော သရေခေတ္တရာသည် ပျူမြို့ပြနိုင်ငံတစ်နိုင်ငံအဖြစ် ထွန်းကားခဲ့ပြီး ပျူယဉ်ကျေးမှုအမွေအနှစ် ရုပ်ဝတ္ထုများ အများဆုံးကြွင်းကျန်ခဲ့သည့်ဒေသဖြစ်သည်။ သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာအပါအဝင် ဘာသာရပ်အသီးသီးမှ သုတေသီများနှင့် စိတ်ဝင်စားကြသူများသည် ရှေးဟောင်းမြို့တော်သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် ပျူယဉ်ကျေးမှုဆိုင်ရာ အထောက်အထား ရုပ်ဝတ္ထုများကို လေ့လာနိုင်ကြပေသည်။

**ကိုးကား**

- **ပြကွေပြ(သရေခေတ္တရာ)မြို့ဟောင်း(ဒေါက်တာသန်းထွန်း)**
- **ရှေးဟောင်းမြန်မာ့မြို့တော်များ(ဦးစိန်မောင်ဦးပါ ငါးဦး)**

# ဘယ်ခါမမေ့ အမျိုးသားအောင်ပွဲနေ့

\- ရှေးယခင် တို့ဘုရင်များမှာလ
မာန်ဝင့်ကြွား လုံ့လားကိုယ်စီလွယ်၍
ပြည်နယ်ပယ် အကျယ်အရေးကိုလ
အစဉ်တကယ် ရင်ဝယ်တွေးသော်လည်း
ဘယ်မအေး နယ်ချဲ့ခွေးအလီလီက
တအီအီ မာန်ဖီဟဲပါလို့
ကိုက်ဖြုကာ ပြည်မြန်မာရဲ့
အဆီတစ်လွှာ ချိုကာစားတဲ့ပြင်
အသားတစ်ဖျင် အရိုးပင်မကျန်ပါသမို့
တစ်ရံခါ မြန်မာအရေးကိုလ
အမှန်ပါ ဖန်ခါတွေးပါလို့
မခံသာ ပြန်ကာရေးရတယ်
ခန္ဓာသွေးက အာဇာနည်။
\- ဩော် . . . နယ်ချဲ့ မိစ္ဆာအကောင်ဆိုးတွေက
ထောင့်ကိုးရာ နှစ်ဆယ်ပြည့်မှာလ
လကွယ်နေ့ သန်းခေါင်ယံလို
ပညာကံ အမှောင်ကျတာက
အခေါင်တကာ့ တက္ကသိုလ်မှာ
အချက်ဗဟိုရ် **အက်**ဆို ဥပဒေပြဋ္ဌာန်းတာကြောင့်
မြကွန်းသီလာခွင်မှ ထီမထင်ကျောင်းတော်သားတွေက
အပေါင်းဖော်များ ရွှေညီလာနဲ့
သွေ့ဖည်ကာ သမိုင်းမကြောက်ဘဲ
**ဘွိုင်းကောက်**လုပ် တော်လှန်ရှာသမို့
လျော်ကန်ရာ ပညာအခွင့်အလမ်းကိုလ
အသင့်လှမ်းနိုင်ခဲ့သည်။
\- တစ်ခါက သန်လျင်မှာ
အမှန်ပင် ငဇင်ကာကျုံးကိုလ
သခင်ပမာ ဟံသာဆုံးစေတော့
ကြင်ရာကလျှာ မုန်းစေဦး
တမင်တကာ ဝင်လာပုန်းပါတဲ့
အစဉ်လာထုံး သွေဖည်ရှောင်တဲ့
သေရည်ကြောင် ရတုဘုရင်တစ်ပါးရယ်က
လူမျိုးခြား ပေါ်တူဂီနဲ့
အဖော်တူညီ အသိပင်မှားပါလို့
မိခင်အလား ဟံသာဝတီကို
ပြန်ကာလည် ဆန့်ကျင်အားတာကြောင့်
အသားတံကျင်လျှို၍
နေညိုညို သုသာန်လားရပြီ
မှားခဲ့သူ့ထုံး။
\- ဩော် . . . အတွေးစစ်လိုက်တော့
ရှေးနှစ်တစ်ရာကျော်ပေမဲ့
မတော်ရာစနစ်ဆိုး ညစ်မျိုးတစ်ပုံတစ်ပင်နဲ့
မခံမင် ကုလားဖြူနယ်ချဲ့များကိုလ
တကယ်ဟဲ့ တွယ်မဲ့အကြံနဲ့
အတန်တန် သပိတ်တားသော်လည်း
စိတ်များတောင် မတွေဝေပါဘူ
မြန်မာတွေ ပညာကောင်းရန်ပ
အကြောင်းမှန် ဒေါင်းအလံလွှင့်လို့ရယ်
အခွင့်မသာ သခင့်အာဏာဖီဆန်ရှာတဲ့
အနှီမြန်မာကျောင်းတော်သားတွေကိုလ
အပေါင်းအဖော်များအစုံအညီက
ထုံကြည်စွာအပြုံး။ ။

(၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျရောက်သော အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုလျက်)

**မောင်စိန်**

# နိုင်ငံတကာ သတင်းများ

## ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဖနွမ်းပင် နိုဝင်ဘာ ၁၅**

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်သည် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် ဂျီ-၂၀ ထိပ်သီးညီလာခံ ကာလအတွင်း ဆွေးနွေးပွဲများ တက်ရောက်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။


အရှေ့တောင်အာရှနိုင်ငံများ အသင်း၏ လက်ရှိအလှည့်ကျဥက္ကဋ္ဌ ဖြစ်သော ဝန်ကြီးချုပ်ဟွန်ဆန်သည် ဂျီ-၂၀ ထိပ်သီးညီလာခံ၌မည်သည့် ဆွေးနွေးပွဲမျှမလုပ်ရသေးမီ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်သည် ဂျီ-၂၀ ထိပ်သီး ညီလာခံအတွင်း ပြင်သစ်သမ္မတ မက်ခရွန်၊ တရုတ်သမ္မတ ရှီကျင့်ဖျင် တို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

ဝန်ကြီးချုပ် ဟွန်ဆန်သည် နိုဝင်ဘာ ၁၃ ရက်တွင်ပြီးဆုံးခဲ့သော အာဆီယံထိပ်သီးညီလာခံများနှင့် ဆက်စပ် ထိပ်သီးညီလာခံများကို ဖနွမ်းပင်မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ရောဂါ ကူးစက်ခံထားရမှုကို နိုဝင်ဘာ ၁၄ ရက်ညပိုင်းတွင် စစ်ဆေးတွေ့ရှိခဲ့ပြီး အင်ဒိုနီးရှား ဆေးပညာရှင်များက ရလဒ်ကို အတည်ပြုပေးခဲ့ကြောင်းဝန်ကြီးချုပ် ဟွန်ဆန်က ၎င်း၏ ဖေ့စ်ဘွတ် စာမျက်နှာ၌ ရေးသားထားသည်။

KKO




## ယူကရိန်းစစ်အဆုံးသတ်နိုင်ရေး သံတမန်လမ်းစဉ် ပြန်လည်ကျင့်သုံးရန် ဝန်ကြီးချုပ်မိုဒီ တောင်းဆို

**ဒေလီ နိုဝင်ဘာ ၁၅**

ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် သံတမန်လမ်းစဉ် ပြန်လည်ကျင့်သုံးရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီက ယနေ့တွင် တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပနေသည့် ဂျီ-၂၀ ထိပ်သီး ညီလာခံ အဖွင့်အမှာစကားတွင် အိန္ဒိယဝန်ကြီးချုပ်က အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ယူကရိန်းပြဿနာ ပြီးဆုံးရေးအတွက် အပစ်အခတ်ရပ်စဲရေးနှင့် သံတမန်ရေးလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရန် မိမိတို့အနေဖြင့် လမ်းစရှာဖွေရမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဘာလီကျွန်း ဂျီ-၂၀ ထိပ်သီး ညီလာခံသည် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးကျင်းပသည့် ဂျီ-၂၀ ထိပ်သီး ညီလာခံဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံကို စစ်လက်နက်ပစ္စည်းများ အများဆုံး ဖြည့်ဆည်းပေးနေသော နိုင်ငံဖြစ်သကဲ့သို့ အိန္ဒိယဆေးဝါးထုတ်လုပ်မှုလုပ်ငန်း၏ စတုတ္ထအကြီးမားဆုံး ဈေးကွက်မှာ ရုရှားနိုင်ငံဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ရုရှားရေနံကို အများဆုံးဝယ်ယူနေသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။ KKO

## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဂျီ-၂၀ ထိပ်သီးညီလာခံ စတင်ကျင်းပ




**ဂျကာတာ နိုဝင်ဘာ ၁၅**

ယခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံကို အင်ဒိုနီးရှားနိုင်ငံဘာလီကျွန်း၌ ယနေ့တွင်စတင်ကျင်းပခဲ့ရာအုပ်စုဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းပြဿနာနှင့်ပတ်သက်၍ အမြင်များကွဲလွဲနေကြသည့်ကိုင် ကမ္ဘာ့စီးပွားရေးကို ပြန်လည်ထူထောင်ရေးအတွက် ဂျီ-၂၀နိုင်ငံများ သွေးစည်းညီညွတ်ကြရန် အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံက ညီလာခံဖွင့်ပွဲမိန့်ခွန်းကို တိုက်တွန်းခဲ့သည်။

ကမ္ဘာကြီးကို ကယ်တင်ရေးအတွက် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေး လမ်းစဉ်မှလွဲ၍ အခြားလမ်းစဉ်မရှိကြောင်း၊စစ်အေးတိုက်ပွဲသစ်တစ်ခုအတွင်း ကမ္ဘာကြီး ကျဆင်းရမည့်အရေးကို မိမိတို့ လက်မခံနိုင်ကြောင်း အင်ဒိုနီးရှား သမ္မတ ဂျီ-၂၀ညီလာခံဖွင့်ပွဲမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

ဂျီ-၂၀ အုပ်စုသည် စီးပွားရေး အင်အားကြီးနိုင်ငံများဖြင့် ဖွဲ့စည်းထားသော အုပ်စုဖြစ်ပြီး ဘရာဇီးနှင့် အိန္ဒိယနိုင်ငံမှသည် ဂျာမနီနှင့် ဆော်ဒီအာရေဗျနိုင်ငံများထိပါဝင်ခဲ့သည်။

ဂျီ-၂၀ အုပ်စုဝင်နိုင်ငံများ၏ စုစုပေါင်းပြည်တွင်းစီးပွားရေးထုတ်လုပ်မှုတန်ဖိုးသည် ကမ္ဘာကြီးတစ်ခုလုံး နှစ်စဉ်စီးပွားရေးထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း သိရသည်။

KKO

## ကမ္ဘာ့လူဦးရေ စုစုပေါင်း ရှစ်ဘီလီယံထိရောက်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ၏ကြေညာချက်၌ ဖော်ပြ

**နယူးယောက် နိုဝင်ဘာ ၁၅**

ကမ္ဘာကြီး၏ လူဦးရေစုစုပေါင်းသည် ယနေ့တွင် ရှစ်ဘီလီယံထိရောက်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ၏အဆိုကိုကိုးကား၍ အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

လက်ရှိကမ္ဘာ့လူဦးရေ အတိုင်းအဆသည် ၁၂ နှစ်တာ ကာလအတွင်း ကမ္ဘာပေါ်၌ လူပေါင်း တစ်ဘီလီယံ ထပ်တိုးလာသည့်သဘောဖြစ်သည်ဟု ကုလသမဂ္ဂ၏ ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု၊အာဟာရဖြည့်ဆည်းမှု၊ တစ်ကိုယ်ရည်ကျန်းမာရေးနှင့် ဆေးဝါးနယ်ပယ်တို့၌ တိုးတက်မှုများကြောင့် ကမ္ဘာ့လူသားများ၏ ပျမ်းမျှဘဝသက်တမ်း တဖြည်းဖြည်းမြင့်မားလာမှုနှင့်အတူ လူဦးရေတိုးပွားမှုအားကောင်းနေခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ သုံးသပ်ထားသည်။

အာရှနိုင်ငံ အများစုပါဝင်သော တစ်ဦးချင်းဝင်ငွေအလယ်အလတ်ရှိ နိုင်ငံများ၌ ပြီးခဲ့သည့် ၁၀ နှစ်အတွင်း လူဦးရေစုစုပေါင်း သန်း ၇၀၀ ထိ ထပ်တိုးလာခဲ့ကြောင်း ကုလသမဂ္ဂ၏အဆိုအရ သိရသည်။

သို့သော် ကမ္ဘာ့လူဦးရေစုစုပေါင်းမှ ရှစ်ဘီလီယံထိရှိလာခဲ့သည့်တိုင် လူဦးရေတိုးပွားမှုနှုန်းမှာ နှစ်စဉ်တစ်ရာခိုင်နှုန်းထိ ဖြည်းဖြည်းမှန်မှန် ကျဆင်းလာသည်ဟု ကျွမ်းကျင်သူများက ပြောကြားထားကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ စုစုပေါင်းသည် ၂၀၈၀ ပြည့်နှစ်တွင်အမြင့်ဆုံးအဆင့်သို့ရောက်ရှိနိုင်ပြီး ၁၀ ဒသမ ၄ ဘီလီယံထိ ရှိလာလိမ့်မည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားကြောင်း သိရသည်။ KKO



## ရွှေ့ပြောင်းဝင်ရောက်သူများ အင်္ဂလိပ်ရေလက်ကြားဖြတ်သန်းမှု ထိန်းချုပ်ရေးသဘောတူညီချက် ဗြိတိန်နှင့် ပြင်သစ်လက်မှတ်ရေးထိုး

**လန်ဒန် နိုဝင်ဘာ ၁၅**

ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့သည် အင်္ဂလိပ်ရေလက်ကြား တရားမဝင်ဖြတ်သန်းမှုများကို ထိန်းချုပ်ရေးအတွက် နိုဝင်ဘာ ၁၄ ရက်တွင် သဘောတူညီချက်တစ်ရပ်လက်မှတ်ရေးထိုးခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီချက်အရ အင်္ဂလိပ်ရေလက်ကြားကို လှေငယ်များဖြင့်ကူးဖြတ်ရေးအတွက် ရွှေ့ပြောင်းဝင်ရောက်သူများ၏ကြိုးပမ်းမှုများကိုတားဆီးရန် ပြင်သစ်နိုင်ငံမြောက်ပိုင်း၌ ရဲတပ်ဖွဲ့ကင်းလှည့်စောင့်ကြပ်မှုများ မြှင့်တင်မည်ဖြစ်သည်။

အင်္ဂလိပ်ရေလက်ကြားကို ရွှေ့ပြောင်းဝင်ရောက်သူများ ဖြတ်သန်းမှုပြဿနာကြောင့် ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့မှာ မကြာခဏဆိုသလို ဆက်ဆံရေးမပြေလည်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်း ဝင်ရောက်သူများ အင်္ဂလိပ်ရေလက်ကြား ဖြတ်သန်းမှု ထိန်းချုပ်ရေးသဘောတူညီချက်ကို ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမာနင်နှင့် ဗြိတိန်ပြည်ထဲရေးဝန်ကြီး ဆူအယ်လ်လာဘရာဗားမင်းတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။


ယခုနှစ်အတွင်း အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ ဗြိတိန်ဘက်သို့ကူးဝင်လာသည့်ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ဦးရေ ၄၀၀၀၀ ကျော်ထိ ရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ပထမ ၁၀လအတွင်း အလွန်အန္တရာယ်များသည့် အင်္ဂလိပ်ရေလက်ကြားအား ဖြတ်သန်းရန်ကြိုးပမ်းခဲ့သော ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၆၂၃၂၃ ဦးထိ ရှိခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တီယန်ကျိုး-၄ အာကာသကုန်တင်ယာဉ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာ



**ပေကျင်း နိုဝင်ဘာ ၁၅**

တရုတ်နိုင်ငံ၏ တီယန်ကျိုး-၄ အာကာသ ကုန်တင်ယာဉ်သည် ယနေ့တွင် ကမ္ဘာ့လေထုလွှာ အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ ရေးသားတင်ပြထားသည်။

တီယန်ကျိုး-၄ အာကာသကုန် တင်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းမှ နိုဝင်ဘာ ၉ ရက်က ပြန်လည်ခွာထွက်လာခဲ့သည်။

တီယန်ကောင်း အာကာသ စခန်းမှ ခွာထွက်ခဲ့ပြီးနောက် တီယန်ကျိုး-၄ အာကာသကုန်တင် ယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ချက်ချင်းပြန်မဝင်သေးဘဲ ကမ္ဘာ ပတ်လမ်းကြောင်းပေါ်၌ ဆက်လက် ပျံသန်း၍ နည်းပညာစမ်းသပ်မှု များပြုလုပ်ခဲ့ကြောင်း တရုတ်အမျိုး သား အာကာသအေဂျင်စီ၏အဆို အရ သိရသည်။

တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၄ အာကာသ ယာဉ်မှူးများအတွက် စားရေရိက္ခာနှင့်အခြားပစ္စည်းကိရိယာများ သယ်ဆောင်ထားသည့် တီယန်ကျိုး-၁၄ အာကာသကုန် တင်ယာဉ်ကို နိုဝင်ဘာ ၉ ရက်က ဟိုင်နန်ကျွန်း ဝန်ချန်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင် ယာဉ်သည် နိုဝင်ဘာ ၁၅ ရက် တွင် တောင်ပစိဖိတ်ဒေသအထက် ၌ မြေပြင်စခန်း၏ ထိန်းချုပ်မှုဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန် လည်ဝင်ရောက်စဉ် တီယန်ကျိုး-၄ အာကာသယာဉ် တစ်ခုလုံးနီးပါး လောင်ကျွမ်းပြိုပျက်ခဲ့ပြီး အစိတ် အပိုင်းငယ်တချို့သာ ပစ်ဖိတ် ရေပြင်အတွင်း ကျရောက်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထား ကြောင်း သိရသည်။ KKO

## လောင်းမတ်ချ်-၆ အေ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အစိတ်စိတ်အမွှာမွှာပြိုကွဲခဲ့

**ပေကျင်း နိုဝင်ဘာ ၁၅**

တရုတ်နိုင်ငံက လွှတ်တင်ခဲ့သည့် လောင်းမတ်ချ်-၆ အေ ဒုံးပျံတစ်စင်း၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့ရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် အာကာသတပ်ဖွဲ့၏အဆိုအရ လောင်းမတ်ချ်-၆ အေ ဒုံးပျံထိပ်ဖူးယာဉ်သည် နိုဝင်ဘာ ၁၂ ရက်က အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့ရာ ကမ္ဘာ့မြေပြင်အထက် အမြင့်မိုင် ၃၁၀ နှင့် ၄၃၅ မိုင်ကြား ပတ်လမ်းပေါ်၌ အာကာသအမှိုက် ၅၀ ကျော်ပါဝင်သည့် အာကာသ အမှိုက်တိမ်တိုက်တစ်ခု ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

လောင်းမတ်ချ်-၆ အေ ဒုံးပျံ ထိပ်ဖူးယာဉ်ပြိုကွဲခဲ့သော ကမ္ဘာ ပတ်လမ်းအမြင့်အရ အဆိုပါ အာကာသအမှိုက်စများအနေဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်ရန် နှစ်ပေါင်းများစွာ ကြာမြင့်မည်ဖြစ်သည်။



တရုတ်နိုင်ငံက ယွန်ဟိုင်း-၃ အမည်ရှိ သဘာဝပတ်ဝန်းကျင် လေ့လာရေးဂြိုဟ်တုကို အဆိုပါ လောင်းမတ်ချ်-၆ အေ ဒုံးပျံဖြင့် နိုဝင်ဘာ ၁၁ ရက်က လွှတ်တင်ခဲ့ ပြီး လွှတ်တင်ပြီး တစ်နာရီအကြာ တွင် ယွန်ဟိုင်း-၃ ဂြိုဟ်တုသည် သတ်မှတ်ပတ်လမ်းပေါ်သို့ အောင် မြင်စွာ ရောက်ရှိခဲ့သည်။

သို့ရာတွင် လောင်းမတ်ချ်-၆ အေ ဒုံးပျံ၏ ထိပ်ဖူးယာဉ်မှာမူ ယွန် ဟိုင်း-၃ ကို ပတ်လမ်းပေါ်သို့ပို့ဆောင် ပေးခဲ့ပြီးနောက် အစိတ်စိတ်အမွှာ မွှာ ပြိုကွဲခဲ့ရခြင်းဖြစ်သည်။ KKO

## အာကာသတွင်းနက်တစ်ခု အနီးကပ်ဖြတ်ကျော်ခဲ့မှုကြောင့် ဘီတဲလ်ဂျူ့စ်ရောမကြယ်နီကြီး အလင်းအားကျဆင်းခဲ့ရခြင်းဖြစ်ဖွယ်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

ဘီတဲလ်ဂျူ့စ်အမည်ရှိ ရောမ ကြယ်နီကြီးသည် အာကာသတွင်း နက်တစ်ခု အနီးကပ်ဖြတ်ကျော်ခဲ့ မှုကြောင့် ၂၀၁၉ ခုနှစ်အတွင်း အလင်းအားကျဆင်းခဲ့ရခြင်းဖြစ် ဖွယ်ရှိကြောင်း Space.com သတင်း ဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၄ ရက်က ရေးသားတင်ပြထားသည်။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းခန့် တွင် ဘီတဲလ်ဂျူ့စ်ကြယ်ကြီး၏ အလင်းအားမှာ ပုံမှန်ထက် ၆၀ ရာခိုင်နှုန်းကျဆင်းသွားခဲ့ရာ နိုင်ငံ တကာသိပ္ပံပညာရှင်များ အဖြေ ရှာရခက်သော ပြဿနာတစ်ရပ် ဖြစ်ခဲ့ရသည်။

သို့ရာတွင် အမေရိကန်သိပ္ပံ ပညာရှင်များဦးဆောင်သည့် နိုင်ငံ တကာ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့၏ လေ့လာချက်အရ ဘီတဲလ်ဂျူ့စ် ကြယ်သည် အာကာသတွင်းနက် ငယ်တစ်ခု အနီးကပ်ဖြတ်ကျော်ခဲ့ မှုကြောင့် အလင်းအားရုတ်တရက် ကျဆင်းခဲ့ခြင်းဖြစ်နိုင်သည်။

အာကာသတွင်းနက် အနီးကပ် ဖြတ်သန်းချိန်တွင် ဘီတဲလ်ဂျူ့စ် ကြယ်နှင့် ၎င်းအာကာသတွင်းနက် တို့ကြား ဒြပ်ဆွဲအားအပြန်အလှန် သက်ရောက်မှုရှိလာပြီး နောက် ဆက်တွဲအကျိုးဆက်များကြောင့် ဘီတဲလ်ဂျူ့စ်ကြယ်၏ အလင်းအား ရုတ်တရက်ကျဆင်းခဲ့ရခြင်းဖြစ်နိုင် သည်ဟု သိပ္ပံပညာရှင်များက ယူဆ ထားကြောင်း သိရသည်။

ဘီတဲလ်ဂျူ့စ်ကြယ်သည် ကမ္ဘာ မြေ၏ ညကောင်းကင်၌ အလင်း အား အကောင်းဆုံးကြယ်များထဲ တွင်ပါဝင်ပြီး ကမ္ဘာပေါ်မှလှမ်းမြင် နိုင်သောကြယ်များအနက် ဒသမ မြောက် အလင်းအားအကောင်းဆုံး ကြယ်ဖြစ်ကြောင်း၊ ဘီတဲလ်ဂျူ့စ် ကြယ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၆၄၂ ဒသမ ၅ နှစ်အကွာ၌ တည်ရှိ ကြောင်း သိရသည်။ KKO

# HEALTH

## ပုံစံ-၂ ဆီးချိုရောဂါ မည်သို့ဖြစ်ပွားရသည်ကို သုတေသနပညာရှင်များ အဖြေတွေ့ထားဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၅**

သွေးအတွင်း သကြားဓာတ် လွန်ကဲချိန်တွင် ပုံစံ-၂ ဆီးချိုရောဂါ မည်သို့ဖြစ်ပွားတတ်သည်ကို သုတေ သနပညာရှင်များက အဖြေတွေ့ ထားကြဖွယ်ရှိကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၁၄ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်မှ သုတေသနပညာရှင် များ၏ အဆိုအရ ပန်ကရိယအင်္ဂါ ၏ အင်ဆူလင်ဟော်မုန်းထုတ်လုပ် နိုင်စွမ်း ပျက်စီးမှုအတွက် သွေး အတွင်းသကြားဓာတ်လွန်ကဲမှုကို တိုက်ရိုက်အပြစ်တင်၍မရကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် အရ ပန်ကရိယအင်္ဂါ၏ အင်ဆူ လင်ဟော်မုန်းထုတ်လုပ်မှု ကျဆင်း လာရမှုသည် သကြားဓာတ်ကိုဖြိုခွဲ ချိန်တွင် ထွက်ပေါ်လာသည့် Glucose Metabolites ခေါ် ဓာတု ပစ္စည်းများနှင့်ဆက်စပ်နေသည်ဟု သုတေသနပညာရှင်များက ပြော ကြားကြောင်း သိရသည်။

အထက်ပါ တွေ့ရှိချက်အရ ကိုယ်တွင်းဇီဝစွမ်းအင် လွှဲပြောင်းမှု ဖြစ်စဉ် (Glucose Metabolism) ကို အရှိန်ချပေးခြင်းဖြင့် ဆီးချို ရောဂါအခြေအနေ ပိုဆိုးလာမှုကို တားဆီးနိုင်ဖွယ်ရှိသည်ဟု သုတေ သနပညာရှင်များက သုံးသပ်ထား ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် အရ ပုံစံ-၂ ဆီးချိုရောဂါအတွက် သွေးအတွင်း သကြားဓာတ်ပါဝင်မှု နှုန်း မြင့်တက်မှုကို တိုက်ရိုက်အပြစ် တင်၍ မရနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာ အရ ပုံစံ-၂ ဆီးချိုရောဂါကို လူ ပေါင်း ၄၆၂ သန်းထိ ခံစားနေကြ ရကြောင်း သိရသည်။ KKO

## ညပိုင်းကာလအိပ်စက်ချိန်၌ အလင်းတုများဖြင့် အထိအတွေ့များပါက ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေမြင့်မား

**ပေကျင်း နိုဝင်ဘာ ၁၅**

ညပိုင်းကာလ အိပ်စက်ချိန်၌ အလင်းရောင်တုဖြင့် အထိအတွေ့ များလွန်းမှုကြောင့် ပုံစံ-၂ ဆီးချို ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင် ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၁၄ ရက်က ရေးသားတင်ပြထားသည်။

ကမ္ဘာ့လူဦးရေ ၈၀ ရာခိုင်နှုန်း ကျော်တို့သည် အိပ်ခန်းအတွင်း ဝင် ရောက်လာသည့် လမ်းမီးရောင်များ၊ ကားရှေ့မီးရောင်များ၊ မီးထိန် အောင် ထွန်းထားသည့် ဈေးဆိုင် များနှင့် စီးပွားရေးလုပ်ငန်းများ သည့် အလင်းညစ်ညမ်းမှုပြဿနာ နှင့် ရင်ဆိုင်နေရသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းချောက် ထောက်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏အဆိုအရ ညပိုင်း ကာလ အိပ်စက်ချိန်၌ အလင်း တုများနှင့် ထိတွေ့မှုလွန်ကဲ သူများသည် အနည်းဆုံးထိတွေ့သူ များနှင့်နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချို ရောဂါဖြစ်နိုင်ခြေ ၂၈ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် အရ အလင်းတုများကြောင့် ကိုယ် ခန္ဓာ၏ ဇီဝအချိန်ကိုက်စနစ် ထိခိုက်ပျက်စီးနေသူများတွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေမှာ ပုံမှန် ထက်ပိုမြင့်မားကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အလင်းတုထိတွေ့ မှုလွန်ကဲခြင်းနှင့် ပုံစံ-၂ ဆီးချို ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှု တို့ကြား မည်သို့မည်ပုံဆက်စပ်နေ သည်ကို ရှင်းမပြနိုင်သေးကြောင်း တရုတ်သုတေသနပညာရှင်များက ဝန်ခံထားသည်။ KKO



နိုင်ငံတကာ အားကစားသတင်းများ

# Nitto ATP Finalsတင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ်နှင့် ရူဘလက်ဖ်တို့ နိုင်ပွဲကိုယ်စီရရှိ

**တူရင် နိုဝင်ဘာ ၁၅**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် Nitto ATP Finals တင်းနစ်ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ဆားဘီးယား တင်းနစ်ကစားသမားဂျိုကိုဗစ်က ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ရုရှားတင်းနစ် ကစားသမားရူဘလက်ဖ်က တစ်နိုင်ငံတည်းသားဖြစ်သော မျက်ဒဗျက်နှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

ဂျိုကိုဗစ်နှင့် စတီဖာနို့စ်တို့ပွဲစဉ်တွင် ဂျိုကိုဗစ်က (၆-၄၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ရူဘလက်ဖ်နှင့် မျက်ဒဗျက်တို့ ပွဲစဉ်တွင် ရူဘလက်ဖ်က (၆-၇၊ ၆-၃၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ရေးအတွက် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ကြကြောင်း IOL သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ဂရိအဆင့် (၁) တင်းနစ်ကစားသမား စတီဖာနို့စ်ကို အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့သလို ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် စတီဖာနို့စ်ကအကောင်းဆုံးပုံစံဖြင့် ပြန်လည်တုံ့ပြန်လာနိုင်သည့်အတွက် Tie-break ထိ ကစားခဲ့ရပြီးမှ ဂျိုကိုဗစ်က အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။

ရုရှားအဆင့် (၁) တင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ရုရှားအဆင့် (၂) တင်းနစ်ကစားသမား ရူဘလက်ဖ်တို့ ပွဲစဉ်မှာအကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး မျက်ဒဗျက်အနေဖြင့် ပုံစံကောင်းရခဲ့သော်လည်း ရူဘလက်ဖ်အား အနိုင်ကစားနိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

ရူဘလက်ဖ်က "မျက်ဒဗျက်နဲ့ ယှဉ်ပြိုင်ကစားရတော့ ၂၀၂၀ ပြည့်နှစ် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို သွားသတိရမိတယ်။ အဲ့ဒီတုန်းက ကွာတားဖိုင်နယ်အဆင့်မှာ မျက်ဒဗျက်နဲ့ ကျွန်တော်တွေ့ခဲ့တယ်။ အခုလိုပဲ ပွဲငယ်တိုင်းကို Tie-break ထိ ကစားခဲ့ရတယ်။ အဲဒီတုန်းက ကျွန်တော် ရှုံးနိမ့်ခဲ့ရတယ်။ ပြိုင်ပွဲကို ဦးဆောင်ခွင့်ရခဲ့ပေမဲ့လဲ ရှုံးနိမ့်ခဲ့တယ်။ အဲဒီလိုအဖြစ်မျိုး ထပ်မဖြစ်အောင် ကျွန်တော့်ဘက်က ဒီပွဲစဉ်အတွက် အကောင်းဆုံးပြင်ဆင်လာခဲ့တယ်။ ပထမပွဲငယ်နဲ့ တတိယပွဲငယ်မှာ ခက်ခဲခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ တော်တော်လေး ပြီးပြည့်စုံတဲ့ ပုံစံမျိုးနဲ့ကစားနိုင်ခဲ့ပါတယ်။ ပွဲငယ်နှစ်ပွဲမှာ ရုန်းကန်ခဲ့ရတယ်ဆိုပေမဲ့လဲ ဒီရလဒ်ကို အားရကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့သည်။AZL



### အားကစားသတင်း အတိုအထွာများ

- နယူးကာဆယ်အသင်းက ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်းကစားသမား ဂျက်ဖင်ဟိုကို ခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းနေကြောင်း သိရသည်။
- ဒဏ်ရာပြဿနာရှိနေသည့် တိုက်စစ်မှူး မာနေးအနေဖြင့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်ကိုသာ လွဲချော်မည်ဖြစ်ကြောင်း ဆီနီဂေါ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။
- ဘယ်လင်ဟမ်အနေဖြင့် ထွက်ခွာလိုပါက အသင်းပြောင်းရွှေ့နိုင်သည်ဟု ဒေါ့မွန်အသင်း အမှုဆောင်ဒါရိုက်တာက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ML

# အာဆင်နယ်အသင်းက အသင်းသမိုင်းတစ်လျှောက် ရာသီအစအကောင်းဆုံးစွမ်းဆောင်ရည် မှတ်တမ်းကောင်းတစ်ရပ် ရရှိ



**လန်ဒန် နိုဝင်ဘာ ၁၅**

ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းများ ပြသနေသည့် အာဆင်နယ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် လိဂ်ပွဲစဉ်များ ရပ်နားထားသည့်အချိန်ထိ အသင်းသမိုင်းတစ်လျှောက် ရာသီအစ အကောင်းဆုံး စွမ်းဆောင်ရည်မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့သည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရာသီအစ အကောင်းဆုံး စွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ပြီး ပွဲစဉ် ၁၄ ပွဲကစားခဲ့ရာတွင် မန်ယူအသင်း တစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့ပြီး ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်ကို သရေရလဒ်၊ ကျန်ပွဲစဉ် ၁၂ ပွဲစလုံးအနိုင်ရရှိထားပြီး မန်စီးတီးအသင်းကို ရမှတ်ငါးမှတ်ထိ ဖြတ်တောက်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှရပ်တည်နေခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၁၃၅ နှစ်အတွင်း ရာသီအစပွဲစဉ် ၁၄ ပွဲကစားပြီးချိန်တွင် ရမှတ်အများဆုံးရရှိခဲ့သည့် ဘောလုံးရာသီအဖြစ် စံချိန်တင်နိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင်လည်း ၁၄ ပွဲကစားပြီး ဒုတိယမြောက်ရမှတ်အများဆုံးအသင်းအဖြစ် မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပွဲစဉ် ၁၄ ပွဲကစားပြီး ရမှတ်အများဆုံးရရှိခဲ့သည့်အသင်းအဖြစ် မန်စီးတီးအသင်းက ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ရမှတ် ၄၀ ဖြင့် စံချိန်တင်ထားခဲ့ကာ ယခုအခါတွင် အာဆင်နယ်အသင်းက မန်စီးတီးအသင်းထက် သုံးမှတ်သာ လျော့နည်းခဲ့ပြီး ရမှတ် ၃၇ မှတ်ဖြင့် ဒုတိယရမှတ်အများဆုံးအသင်းအဖြစ် ရပ်တည်နေခြင်းဖြစ်ကြောင်း သိရသည်။

STA

# ဇန်နဝါရီအပြောင်းအရွှေ့တွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စီရော်နယ်ဒိုချိတ်ဆက်

**မန်ချက်စတာ နိုဝင်ဘာ ၁၅**

မန်ယူအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် အင်တာဗျူးအစီအစဉ်တစ်ခုတွင် မန်ယူအသင်းနှင့် နည်းပြ တန်ဟတ်တို့ကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားမှုများ ပြုလုပ်ခဲ့ပြီးနောက် အသင်းနှင့် ဆက်ဆံရေးမှာ အဆိုးရွားဆုံးသောအခြေအနေတွင်ရှိလာခဲ့သည့်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်လျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျူဗင်တပ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီမစတင်မီက ရာသီကြိုလေ့ကျင့်ရေးခရီးစဉ်တွင် လိုက်ပါပူးပေါင်းခြင်း မရှိသည်မှစတင်ပြီး နည်းပြတန်ဟတ်နှင့် ၎င်းတို့ကြား ဆက်ဆံရေးဆိုးရွားနေခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုက အင်တာဗျူး အစီအစဉ်တစ်ခုတွင် မန်ယူအသင်းအနေဖြင့် နည်းပြဖာဂူဆန် အနားယူပြီးနောက်ပိုင်း တိုးတက်မှုမရှိတော့သကဲ့သို့ အောင်မြင်မှုရရှိရန်မှာလည်း ခက်ခဲနေဦးမည့်အသင်းဖြစ်ကြောင်း၊ အားကစားဒါရိုက်တာတစ်ဦးကို နည်းပြခန့်အပ်ခဲ့သည့် မန်ယူအသင်းမှ တာဝန်ရှိသူများ၏လုပ်ရပ်ကိုလည်းအံ့အားသင့်ခဲ့ရကြောင်း၊ နည်းပြ တန်ဟတ်သည် မိမိအပေါ်တွင် လေးစားမှုမရှိသည့်အတွက် မိမိအနေဖြင့် ၎င်းကို လေးစားမှုရှိမည်မဟုတ်ဟု ဝေဖန်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုအနေဖြင့် အစောပိုင်းကတည်းက နည်းပြတန်ဟတ်နှင့် ဆက်ဆံရေးမပြေလည်သည့်အချိန်တွင် ယခုကဲ့သို့ ထပ်မံပြီး ဝေဖန်မှုများပြုလုပ်ခဲ့သည့်အတွက် မန်ယူအသင်းက အရေးယူမှုများပြုလုပ်ရန်ပြင်ဆင်ထားပြီး လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့တွင်လည်း စီရော်နယ်ဒိုအနေဖြင့်အသင်းမှ သေချာပေါက်ထွက်ခွာရဖွယ်ရှိနေသည်။ STA

# ကမ္ဘာ့ဖလားကာလတွင် အေစီမီလန်၊ လိုင်ယွန်တို့နှင့် ခြေစမ်းပွဲကစားမည်ဟု လီဗာပူးအသင်းပြောကြား

**လန်ဒန် နိုဝင်ဘာ ၁၅**

ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ရွေးချယ်ခြင်းမခံရသည့် ကစားသမားများကို ဦးဆောင်၍ စီးရီးအေကလပ်အေစီမီလန်၊ ပြင်သစ်ကလပ်လိုင်ယွန်အသင်းတို့နှင့်ခြေစမ်းပွဲစဉ်အဖြစ် ဒူဘိုင်းစူပါဖလားကစားမည်ဖြစ်ကြောင်း လီဗာပူးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု Liverpoolfc.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ လီဗာပူးအသင်းတွင် ကစားသမားခုနစ်ဦးထိ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ရွေးချယ်ခြင်းခံခဲ့ရသော်လည်း ကျန်ရှိသည့် ကစားသမားများအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကာလ၌ ဒူဘိုင်းတွင် လေ့ကျင့်ခန်းအစီအစဉ်ပြုလုပ်ရန် စီစဉ်ခဲ့ပြီး ဒုတိယ ရာသီဝက်ကာလအတွက် ကြိုတင်ပြင်ဆင်မှုများ ဖြစ်စေရန် ဥရောပအသင်းကြီး နှစ်သင်းဖြစ်သည့် အေစီမီလန်၊ လိုင်ယွန်တို့နှင့် ဒူဘိုင်းစူပါဖလားအဖြစ် ခြေစမ်းပွဲကစားရန် စီစဉ်ခဲ့ကြောင်း သိရသည်။

သို့သော် ဒဏ်ရာပြဿနာရှိနေသည့် ကွင်းလယ်ကစားသမား လူးဝစ်ဒီယက်၊ ခံစစ်ကစားသမား မာတစ်နှင့် ကွင်းလယ်ကစားသမား နာဘီကီတာတို့ ပါဝင်နိုင်မည်မဟုတ်ကြောင်း နည်းပြကလော့ပ်က ပြောကြားခဲ့ပြီး ဒူဘိုင်းခရီးစဉ်တွင် ယူအေအီးအသင်းနှင့်လည်း ချစ်ကြည်ရေးပွဲစဉ် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ဒူဘိုင်းစူပါဖလားပွဲစဉ်ကို ဒီဇင်ဘာ ၁၁ ရက်တွင် လိုင်ယွန်အသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် အေစီမီလန်အသင်းနှင့်လည်းကောင်း ကစားသွားမည်ဖြစ်ပြီး ယင်းပွဲစဉ်များကို ဒူဘိုင်းရှိ ပရိသတ်ဦးရေ ၁၅၀၀၀ ဆန့်သည့် အယ်မက်တွမ်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ML



# နည်းပြဂျာရာဒို ထုတ်ပြန်ခဲ့သည့် မက္ကဆီကိုလူစာရင်းတွင် ဒဏ်ရာပြဿနာနှင့်ရုန်းကန်နေရသည့် ဂျီမီနက်ဇ် ပါဝင်လာ



**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၅**

မက္ကဆီကိုအသင်း နည်းပြဂျာရာဒိုက ကမ္ဘာ့ဖလားတွင် ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ရာ ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသည့် ဝုဗ်အသင်းတိုက်စစ်မှူး ဂျီမီနက်ဇ် ပြန်လည်ပါဝင်ခဲ့ကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဂျီမီနက်ဇ်သည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ကလပ် ဝုဗ်အသင်းတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသည့်အတွက် ပြိုင်ပွဲစုံ လေးပွဲသာ ပါဝင်ကစားခဲ့ရပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာချိန်တွင် နည်းပြဂျာရာဒိုက အသင်းလူစာရင်းတွင် ထည့်သွင်းခဲ့ကာ ကာတာကမ္ဘာ့ဖလားသို့ ခေါ်ဆောင်ခဲ့သော်လည်း အသင်း၏ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် တိုက်စစ်မှူး ဟာနန်ဒက်စ်အနေဖြင့် နောက်ဆုံးလူစာရင်းတွင် ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။

နည်းပြဂျာရာဒို ထုတ်ပြန်ခဲ့သည့် အသင်းလူစာရင်းတွင် အသင်းအတွက် ပွဲအများဆုံးကစားထားသည့် ဘက်တစ်ကွင်းလယ် ကစားသမား ဂွါဒါဒိုက ဦးဆောင်လာခဲ့ပြီး ဂိုးသမားများအဖြစ် အိုချိုအာ၊ တယ်လာတာရာ၊ ကိုတာ၊ ခံစစ်ကစားသမားများအဖြစ် ဂျေ့ဆန်းချက်၊ ကီဗင်အယ်ဗာရက်၊ အာရာအူဂျို၊ ဂျဲဟန်ဘက်ကွက်၊ အာတီအာဂါ၊ မိုရီနို၊ မွန်တက်စ်၊ ဂယ်လာဒို၊ ကွင်းလယ်ကစားသမားများအဖြစ် ဂူတာရက်ဇ်၊ ပီနီဒါ၊ ဟက်တာဟာရဲရား၊ ဂွါဒါဒို၊ အယ်ဗာရာဒို၊ ချာဗက်ဇ်၊ ရိုမို၊ ကားလို့စ်ရိုဒရီဂွက်၊ အန်တန်နာ၊ တိုက်စစ် ကစားသမားများအဖြစ် လိုဇာနို၊ မိုရီ၊ မာတင်၊ ဂျီမီနက်ဇ်၊ အဲလက်စ်ဗီဂါတို့ ဖြစ်ကြောင်း သိရသည်။

ML

# DP World Tour Championship ပြိုင်ပွဲမှ မိုရီကာဝါ နုတ်ထွက်

**ဒူဘိုင်း နိုဝင်ဘာ ၁၅**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် နိုဝင်ဘာ ၁၇ ရက်၌ ကျင်းပသွားမည့် DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း အမေရိကန်ဂေါက်သီးရိုက်ကစားသမားမိုရီကာဝါက ထုတ်ပြန်ခဲ့သည်ဟု GD သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိုရီကာဝါသည် DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး ပုဂ္ဂိုလ်ရေးကိစ္စကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိုရီကာဝါက "DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံဆုကို ကာကွယ်သွားဖို့ ဆန္ဒရှိခဲ့သလို ပြင်ဆင်လေ့ကျင့်မှုတွေလဲ ပြုလုပ်ခဲ့ပါတယ်။ ကံမကောင်းစွာနဲ့ ပုဂ္ဂိုလ်ရေးအခက်အခဲလေးတစ်ခုပေါ်လာတဲ့အတွက်ကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့ရတယ်။ ဒီနှစ်မှာ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ပေမဲ့လဲ အနာဂတ်မှာတော့ DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ နှစ်စဉ်နှစ်တိုင်း ပါဝင်ယှဉ်ပြိုင်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

မိုရီကာဝါသည် DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုအား ကာကွယ်သွားရန် ဆန္ဒရှိနေသော်လည်း ပုဂ္ဂိုလ်ရေးအခက်အခဲကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ကြောင်းကိုလည်း ၎င်း၏ကိုယ်ပိုင် Twitter စာမျက်နှာမှ တစ်ဆင့်ပရိသတ်များကို အသိပေးခဲ့သည်။

AZL

# ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ဂိုးသမားမန်ဒီ အသင်းမှထွက်ခွာဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၅**

ချဲလ်ဆီးအသင်းဂိုးသမား မန်ဒီသည် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့်အတွက် လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဂိုးသမားမန်ဒီသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ရင်းနက်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၂ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး နည်းပြဟောင်း တူချယ်လက်ထက်က ပထမဦးစားပေးဂိုးသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း နည်းပြသစ် ဂရေဟမ်ပေါ်တာလက်အောက်တွင် ဒုတိယဦးစားပေး ဂိုးသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

မန်ဒီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူအကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲအကောင်းဆုံး ဂိုးသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့သော်လည်း ဒူးဒဏ်ရာကြောင့် အနားယူနေရသည့် အချိန်တွင် ဂိုးသမားကီပါက လက်စွမ်းပြကာကွယ်မှုများ ပြုလုပ်နိုင်သည့်အတွက် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်။

မန်ဒီသည် ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီးနောက် ပွဲစဉ်တချို့ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ပုံမှန်လက်စွမ်းပြသနိုင်ခြင်းမရှိဘဲ ၎င်းပါဝင်ကစားခဲ့သည့်ပွဲစဉ်များတွင် အသင်းရလဒ်ပိုင်းဆိုးရွားခဲ့သောကြောင့် နည်းပြ ဂရေဟမ်ပေါ်တာက ပွဲထွက်ဂိုးသမားအဖြစ် ကီပါကိုသာ အသုံးပြုနေခြင်းဖြစ်သည်။

မန်ဒီသည် လက်ရှိနည်းပြ ဂရေဟမ်ပေါ်တာလက်အောက်တွင် ပွဲထွက်ခွင့် ပြန်လည်ရရှိရန်မှာ မလွယ်ကူသည့် အခြေအနေများကြောင့် လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားလိုနေပြီး ၎င်းကို မန်ယူအသင်းက ဂိုးသမား ဒီဂီယာ၏နေရာတွင် အစားထိုးရန်အတွက် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

STA

# ကန်နဲလိုအယ်ဗာရက်က ဘီဗိုလ်နှင့် မကျေပွဲစဉ်ကို ၂၀၂၃ ခုနှစ် မေလတွင် ထိုးသတ်သွားမည်

**ပနားမား နိုဝင်ဘာ ၁၅**

WBA စူပါလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲတွင် လက်ရှိချန်ပီယံ ရုရှားလက်ဝှေ့သမား ဘီဗိုလ်အားရှုံးနိမ့်ခဲ့သည့် မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်သည် ဘီဗိုလ်အားမကျေပွဲထိုးသတ်သွားရန်စိန်ခေါ်မှုပြုလုပ်ထားသည်။

ဘီဗိုလ်က ကန်နဲလိုအယ်ဗာရက်နှင့် မကျေပွဲထိုးသတ်သွားရန် ဆန္ဒရှိသလို ကန်နဲလိုအယ်ဗာရက်၏ စိန်ခေါ်မှုကိုလည်း လက်ခံသွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း Boxing News 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကန်နဲလိုအယ်ဗာရက်အနေဖြင့် စူပါမစ်ဒယ်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်း ချန်ပီယံတစ်ဦး ဖြစ်သော်လည်း လိုက်ဟဲဗီးဝိတ်တန်းသို့ ရွှေ့ပြောင်းထိုးသတ်ရာတွင် အခက်အခဲများ ရှိနေသည်။

ကန်နဲလိုအယ်ဗာရက်က"လာမဲ့နှစ်ထဲမှာဘီဗိုလ်နဲ့ မကျေပွဲ ထိုးသတ်သွားဖို့ ဆုံးဖြတ်ထားတယ်။ မကြာခင် သဘောတူညီမှုရရှိအောင် ဆွေးနွေးပြီး ထိုးသတ်သွားမယ့် အချိန်နဲ့နေရာကို တရားဝင်ထုတ်ပြန်ပေးသွားပါမယ်။ ဆွေးနွေးမှုကိုလဲ အမြန်ဆုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လောလောဆယ်တော့ ၂၀၂၃ ခုနှစ်မေလပိုင်းထဲမှာ ထိုးသတ်သွားဖို့လျာထားတယ်။ ဘီဗိုလ်ကလဲ ကျွန်တော်နဲ့ ထိုးသတ်သွားဖို့ ဆန္ဒရှိနေပါတယ်။ ခက်ခဲတဲ့ပွဲစဉ်ဖြစ်လာနိုင်ဖြစ်သလို ကျွန်တော့်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုနဲ့ ရင်ဆိုင်ရမယ့်ပွဲစဉ်ဖြစ်လာမှာပါ"ဟု ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် မေလတွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ပါရာဒိုက်စ်၌ လက်ရှိ WBA စူပါလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဘီဗိုလ်နှင့် ထိုးသတ်ခဲ့သည့် ကန်နဲလိုအယ်ဗာရက်သည် ဒိုင်အမှတ်ဖြင့် ဘီဗိုလ်အား ရှုံးနိမ့်ထားကြောင်း သိရသည်။

AZL



# လီဗာပူးအသင်းက ခေါ်ယူလိုသည့် တိုက်စစ်မှူး အိုကာဖော် ဩစတြီးယားကလပ် ဆဲလ်ဘတ်မှ ထွက်ခွာနိုင်ဟုဆို

**လန်ဒန် နိုဝင်ဘာ ၁၅**

ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူရန် ဆုံးဖြတ်ထားသည့် လီဗာပူးအသင်းသည် ဩစတြီးယားကလပ် ဆဲလ်ဘတ်အသင်း တိုက်စစ်မှူး အိုကာဖော်ကို ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် ကစားသမားအနေဖြင့် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာနိုင်သည်ဟု Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး အိုကာဖော်သည် ယခုနှစ်ဘောလုံးရာသီ ဩစတြီးယား အမှတ်ပေးပွဲစဉ်တွင် ခုနစ်ဂိုး သွင်းယူ၍ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း သွင်းဂိုး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြကစားနေသောကြောင့် တိုက်စစ်ပိုင်းဂိုးရရန် ရုန်းကန်နေရသည့် လီဗာပူးအသင်းက စတာလင်ပေါင် သန်း ၃၀ ဝန်းကျင်ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိတွင် အိုကာဖော်ကို လီဗာပူးအသင်းအပါအဝင် အေစီမီလန်အသင်းနှင့် မန်စီးတီးအသင်းတို့ကလည်း စိတ်ဝင်စားနေသောကြောင့် လီဗာပူးအသင်းက လက်ဦးမှုရယူရန် ပြင်ဆင်နေကာ ကစားသမားကိုယ်တိုင်ကလည်း ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည်။

လီဗာပူးအသင်းသည် တိုက်စစ်ပိုင်းမှ မာနေးထွက်ခွာသွားပြီးနောက် ဆာလာဟ်နှင့်တွဲဖက်ကစားနိုင်ရန် ဒါဝင်နူနက်ကို ခေါ်ယူအားဖြည့်ခဲ့သော်လည်း တိုက်စစ်ပိုင်းတိုးတက်လာမှု မရှိသည့်အပြင် အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် ဖာမင်နိုသည်လည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရကာ အသင်းမှထွက်ခွာရန်ပြင်ဆင်နေသောကြောင့် ဆဲလ်ဘတ်တိုက်စစ်မှူး အိုကာဖော်ကိုသာ လာမည့် အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ဆုံးဖြတ်ထားသည်။

ML

# လူငယ်များနှင့် အမျိုးသားအောင်ပွဲနေ့

မြန်မာနိုင်ငံသည် ရှည်လျားခိုင်မာသောသမိုင်းကြောင်းများနှင့် ရပ်တည်ခဲ့သည်ကို လူတူပရှိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေပြလျက်ရှိသည်။ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ခမ်းနားထည်ဝါစွာ နေနိုင်ခဲ့သည်ကိုလည်း ဘုရင့်နောင်၊ အနော်ရထာနှင့် အလောင်းမင်းတရားကြီးတို့၏ ခေတ်ကာလများတွင် မော်ကွန်းတင်ခဲ့သောခိုင်မာသည့် သမိုင်းအထောက်အထားများရှိနေသည်။ ထိုခေတ် ထိုအခါက မြန်မာဆိုလျှင် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံကြီးများကပါ အထင်ကြီးလေးစား တန်ဖိုးထားခဲ့ကြရသည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် အင်္ဂလိပ်နယ်ချဲ့တို့က ဘကြီးတော်ဘုရားလက်ထက် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ခေတ်မီစစ်လက်နက်များဖြင့် ကျူးကျော်စစ်သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထီးကျိုးစည်ပေါက်တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်။

**တွန်းလှန်တိုက်ခိုက်ခဲ့**

ထို့နောက် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော တိုင်းရင်းသား သူရဲကောင်းများသည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့ကို နည်းလမ်းပေါင်းစုံဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ သို့ရာတွင် စနစ်တကျစုဖွဲ့လှေကျင့်တိုက်ခိုက်မှုမရှိသဖြင့် တိုင်းပြည်အတွက် အသက်ကိုသာ စွန့်လွှတ်ခဲ့ကြရသည်။ တိုင်းရင်းသားများကြား မျိုးချစ်စိတ်ဓာတ်နိုးကြားလာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း စသည့်အဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားလာခဲ့ရာ မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့သည်။

**ကျွန်သက်ရှည်ရန်ကြံစည်**

ဤနေရာတွင် နယ်ချဲ့တို့၏ အကောင်းဆုံးလက်နက်သည် ကိုလိုနီနိုင်ငံရှိ ပြည်သူများကို ပညာရည်အဆင့်အတန်း နိမ့်ပါးအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံကို ကိုလိုနီတို့သိမ်းပိုက်ပြီးစအချိန်တွင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ သို့သော်နှစ်ပေါင်း ၃၅ နှစ်ခန့်ကြာပြီးနောက် စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းထိ သိသိသာသာကျဆင်းသွားသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်မရှိဘဲ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ် လက်အောက်ခံ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုသာ ရှိခဲ့သည်။

ထို့ပြင် ဗြိတိသျှနယ်ချဲ့တို့သည် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ထုတ်ပြန်ကြေညာခဲ့သည်။ ရန်ကုန်တက္ကသိုလ် အက်ဥပဒေတွင် အဓိကအချက် (၆) ချက်ပါရှိသည်။ ထိုအချက်အားလုံးသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ပြီး အဆင့်အတန်းခွဲခြားထားသည်။ ကျွန်သက်ရှည်စေရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။ ဆိုရလျှင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် ငွေကြေးတတ်နိုင်သူလူနည်းစုကိုသာ တက္ကသိုလ်ပညာသင်ကြားခွင့်ရရှိစေပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စား အောက်ခြေလူတန်းစားများ၏ သားသမီးများကို ပညာဆက်လက်သင်ကြားခွင့်မရရှိနိုင်အောင် ချုပ်ချယ်ကန့်သတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆင့်အတန်း ခွဲခြားထားသည့် ထိုအက်ဥပဒေကို ကောလိပ်ကျောင်းသားများအပါအဝင် ပြည်သူအားလုံးက အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။ သို့သော် မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က မြန်မာများသည်ပညာရေးအကြောင်းနားမလည်ဟုဆိုပြီး တောင်းဆိုချက်များကို လျစ်လျူရှုကာ ထိုနှစ် ဒီဇင်ဘာ ၂ ရက်မှစ၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

> ❖ အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည်စိတ်ဓာတ်ပင်ဖြစ်ပေသည်။ အမှန်စင်စစ်မှာမူ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက်၊ ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ❖

**ကန့်ကွက်သပိတ်မှောက်**

ထို့ကြောင့် ကောလိပ်ကျောင်းသားများသည် ဒီဇင်ဘာ ၂ ရက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ တိုင်ပင်ဆွေးနွေးကြပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုစလုံးက သပိတ်မှောက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်တိုက်ဆရာတော် ဦးအရိယ ကျောင်းတိုက်၌ ကျောင်းသားအစည်းအဝေးပွဲကြီးပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌ ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန်၊ ပညာရေးဥပဒေပြုပြင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

မူလက ဒီဇင်ဘာ ၇ ရက်တွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း အခြေအနေ ပြောင်းလဲသွားသဖြင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်(မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်)တွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က ကျောင်းသားခေါင်းဆောင် ကိုဘဦးကိုယ်တိုင်လက်မှတ်ထိုး၍ ကျောင်းသားကြေညာချက်ကို ဘုရင်ခံထံပေးပို့ခဲ့သည်။ ထိုကြေညာချက်သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေပါအချက်များကို ကန့်ကွက်ထားသည့်စာဖြစ်သည်။ ဘုရင်ခံထံမှ အကြောင်းပြန်ကြားခြင်းမပြုသဖြင့် ကျောင်းသားများသည် သပိတ်စခန်းတွင် အမျိုးသားကျောင်းများတည်ထောင်ရန် ဂျီစီဘီအေ ခေါင်းဆောင်များနှင့်တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ထိုစဉ်က တက္ကသိုလ်သပိတ်ကို တစ်နိုင်ငံလုံးက ထောက်ခံခဲ့ကြသည်။ ထိုအက်ဥပဒေသည် တက္ကသိုလ်ကျောင်းသားများအပြင် တက္ကသိုလ်တက်မည့် ကျောင်းသားများကိုပါ ထိခိုက်သဖြင့် အထက်တန်းကျောင်းသားများကလည်း သပိတ်မှောက်ခဲ့ကြသည်။ ထို့နောက် တက္ကသိုလ်ကို ရာသက်ပန်သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ အောင်မြင်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။

**အမျိုးသားရေးစိတ်ဓာတ်ရှင်သန်နိုးကြားလာ**

ထိုသပိတ်သည် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံကို မတရားသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးအတွက် အမျိုးသားတော်လှန်ရေးကြီးကို စတင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။ ထို့ပြင် ထိုသပိတ်ကိုအခြေခံပြီး ထွက်ပေါ်လာသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်ကာ လွတ်လပ်ရေးတိုက်ပွဲကိုလည်း အောင်မြင်အောင် ဆင်နွှဲနိုင်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြောင့် ပညာရေးအမြတ်များ ပေါ်ထွက်လာခဲ့သည်။

ထို့ပြင် ပြည်သူလူထုအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်များ တစ်ဟုန်ထိုးနိုးကြားရှင်သန်လာခဲ့သည်။ ထို့ကြောင့် ကျောင်းသားသပိတ်သည် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တော်လှန်ရေးအောင်ပွဲဟုလည်း ဆိုနိုင်ပေသည်။ ထိုသပိတ်ကြီးက မွေးထုတ်ပေးလိုက်သော အမျိုးသားနေ့ စိတ်ဓာတ်ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးကို အတိအလင်းဖော်ပြသည့် တောင်သူလယ်သမား၊ အလုပ်သမားသပိတ်များနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများ ဆက်တိုက်ပေါ်ထွက်ခဲ့သည်။

**အမျိုးသားနေ့သတ်မှတ်**

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုညီလာခံတွင် တချို့က သီပေါဘုရင်ပါတော်မူသော တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ကို အကြံပေးခဲ့ကြသည်။ အချို့က ဆရာတော်ဦးဥတ္တမ အဖမ်းခံရသောနေ့ကို အကြံပေးကြသည်။ ၁၉၂၀ ပြည့်နှစ်သပိတ် ၁၁ ဦး ကော်မတီတွင် ပါဝင်ခဲ့သော ဦးမြင့်က နယ်ချဲ့ကိုပထမဆုံးတော်လှန်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။ ထို့နောက် ဂျီစီဘီအေအသင်းကြီးသည် ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ပြုလုပ်သည့် အထူးအစည်းအဝေးကြီး၌ ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့(National Day)အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် ထိုနေ့၊ ထိုရက်ရောက်ရှိလျှင် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများ ကျင်းပလာခဲ့သည်။

**လူငယ်များနှင့် အမျိုးသားအောင်ပွဲနေ့**

ဆိုရလျှင် အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည် စိတ်ဓာတ်ပင်ဖြစ်ပေသည်။ အမှန်စင်စစ်မှာမူ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိ အရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်တမျှ အရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့လက်အောက်ရောက်ခဲ့သည့်တိုင်အောင် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံကာ လွတ်လပ်ရေးရရှိသည်ထိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့ လွတ်လပ်ရေးအတွက် အရေးပါသည့် အမျိုးသားနေ့၏ အနှစ်သာရကို မျိုးဆက်သစ်လူငယ်များကြား အမှတ်ထင်ထင်ရှိနေရန်လည်း လိုအပ်ပေသည်။ သို့မှသာလျှင် မိမိတိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်နှင့် အချုပ်အခြာအာဏာ၏ အရေးပါမှုတို့ကို တန်ဖိုးထားတတ်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ် တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွလာစေရန်နှင့် လွတ်လပ်ရေးအတွက် သန္နေတည်ပေးခဲ့သော ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မှသည် အေးချမ်းတည်ငြိမ်မှု အပြည့်အဝရှိသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်သွားနိုင်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားနိုင်ရန် တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။

မောင်သောင်းဝင်း(တမန်ဟောင်း)

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် ကြာဖူးကြာရွက်ရွှေငါးနှစ်ကောင် ပန်းပုရုပ်တုများ ဝင်ရောက်လာ





**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် ကြာဖူးကြာရွက်ရွှေငါးနှစ်ကောင် ပန်းပုရုပ်တုများ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် ကြာဖူးကြာရွက် ရွှေငါးနှစ်ကောင် ပန်းပုရုပ်တုမှာ ပဲခူးတိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်း ဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလထဲမှာ အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်ထဲကိုပန်းပုရုပ်တု ဒီဇိုင်းအသစ်တွေ ဆက်တိုက် ဝင်ရောက်နေပါတယ်။ ဒီလ ပထမပတ်ကစပြီး ပဲခူးဈေးကွက်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ကုက္ကိုအနှစ်သားနဲ့ ထုလုပ်ထားတဲ့ လက်ရာဆန်း ကြာဖူးကြာရွက်နဲ့ ရွှေငါးနှစ်ကောင် ရုပ်တုတွေဖြစ်ပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် (၁၁×၁၇)လက်မ အရွယ်အစားရှိ ကြာဖူးကြာရွက်နှင့် ရွှေငါးနှစ်ကောင် ရုပ်တုမှာဈေးနှုန်း အနေဖြင့် ငွေကျပ်ငါးသောင်းခန့် ဖြစ်ပြီး လက်ရှိတွင် ရုပ်တုအရေအတွက် ၅၀ ခန့် ရောင်းချထားကြောင်း သိရသည်။ ASH

# RRR-2 ဇာတ်ကားအတွက် ပြင်ဆင်မှုများ စတင်နေပြီဖြစ်

**နယူးယောက် နိုဝင်ဘာ ၁၅**

နာမည်ကျော် အိန္ဒိယအက်ရှင် ဇာတ်ကားဖြစ်သည့် RRR-2 ဇာတ်ကားအတွက် ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၄ ရက်တွင် ရေးသားတင်ပြထားကြောင်း သိရသည်။

RRR-2 ဇာတ်ကားအတွက် ပြင်ဆင်မှုများ စတင်နေခြင်းကို ဒါရိုက်တာ အက်စ်အက်စ်ရာဂျာမိုလီက အတည်ပြုထားခြင်းဖြစ်သည်။

လက်ရှိတွင် RRR-2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မိမိ၏ဖခင်က ရေးသားနေပြီဖြစ်ကြောင်း ဒါရိုက်တာ ရာဂျာမိုလီက Variety သတင်းဝက်ဘ်ဆိုက်နှင့် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားထားသည်။

မူလ RRR ဇာတ်ကားသည် ၁၉၂၀ ပြည့်နှစ် အိန္ဒိယပြည်ကို ဇာတ်အိမ်တည်ထားပြီး အိန္ဒိယ လွတ်လပ်ရေးတိုက်ပွဲ၌ ပါဝင်ခဲ့သည့် မိတ်ဆွေနှစ်ဦး၏အဖြစ်ကို ပုံဖော်ရိုက်ကူးထားသည်။

အဆိုပါ ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ၇၂ သန်းထိရှိခဲ့ရာ အိန္ဒိယနိုင်ငံ၏ ထုတ်လုပ်မှုစရိတ် အမြင့်ဆုံးဇာတ်ကားများ စာရင်း၌ ပါဝင်ကြောင်း သိရသည်။ KKO




# အဆိုတော် စိန်လင်း (Aroma)၏ တစ်ထောင်နဲ့ငါးရာ တေးသီချင်း Music Video ရိုက်ကူးနေ

**ရန်ကုန် နိုဝင်ဘာ ၁၅**

အဆိုတော် စိန်လင်း(Aroma)၏ တစ်ထောင်နဲ့ငါးရာ အမည်ရှိ တေးသီချင်း Music Video (MV) ရိုက်ကူးနေကြောင်း သိရသည်။

အဆိုပါ တစ်ထောင်နဲ့ ငါးရာ အမည်ရှိ တေးသီချင်း Music Video (MV) ကို ဒါရိုက်တာ အောင်နေရဲ (UG Entertainment) က ရိုက်ကူးနေခြင်းဖြစ်ပြီး တေးရေး မင်းစည်သူက ရေးစပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလတွေမှာတေးသီချင်း Music Video (MV)တွေ ဆက်တိုက်လုပ်ဖြစ်နေပါတယ်။ အခုရိုက်နေတဲ့ တစ်ထောင်နဲ့ငါးရာ MV မှာ ကိုယ်တိုင်လဲဆို ကိုယ်တိုင်လဲ သရုပ်ဆောင်ထားပါတယ်။ MRTV-4 သရုပ်ဆောင် မေမီကိုကိုလဲ အားဖြည့်ပေးထားပါတယ်။ နိုဝင်ဘာလကုန်လောက်တော့ ထွက်လာမှာပါ" ဟု အဆိုတော် စိန်လင်း (Aroma) က ပြောပြသည်။



ထို့ပြင် ပြီးခဲ့သည့် အောက်တိုဘာအတွင်းကလည်း ထားခဲ့ပါ အမည်ရှိ တေးသီချင်း Music Video (MV)၊ မေ့ပေးဘော အမည်ရှိ တေးသီချင်း Music Video (MV) နှင့် ၁၆ နှစ် တစ်ရက်လျှော့ အမည်ရှိ တေးသီချင်း Music Video (MV) ထွက်ရှိထားကြောင်း သိရသည်။

အဆိုတော်စိန်လင်း (Aroma) သည် ကိုဗစ်ကာလမှ စတင်ကာ ယနေ့ထိ မိသားစု၊ အလှူရှင် စေတနာရှင်များနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေနည်း အခက်အခဲရှိ မိသားစုများကို ငွေကြေးနှင့်စားသောက်ဖွယ်ရာများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ASH

# Ibelin အမည်ရှိ ဇာတ်ကားကို ဒါရိုက်တာ မော်တမ်တိုင်ဒမ်း ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၁၅**

Vendome Pictures ရုပ်ရှင်စတူဒီယို၏ Ibelin အမည်ရှိ ဇာတ်ကားကို ဒါရိုက်တာ မော်တမ်တိုင်ဒမ်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

Ibelin ဇာတ်ကားသည် ကြွက်သားဆုံးရှုံးမှုရောဂါကြောင့် အသက် ၂၅ နှစ်တွင် ကွယ်လွန်ခဲ့သော မက်စတင်းအမည်ရှိ အွန်လိုင်းဂိမ်းကစားသမားလူငယ်တစ်ဦး၏ဘဝမှန်ကို ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကီလီကီလက်က ရေးသားပေးထားပြီး ဒါရိုက်တာ မော်တမ်တိုင်ဒမ်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Vendome Pictures က ကြေညာထားသည်။

ဒါရိုက်တာ မော်တမ်တိုင်ဒမ်းက The Imitation Game (2014) ဇာတ်ကားကို ရိုက်ကူးခဲ့သူဖြစ်သည်။

Ibelin ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များနှင့် ဇာတ်ကားရုံတင်ပြသမည့်ရက်တို့ကို Vendome Pictures ရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း၊ သို့ရာတွင် ဇာတ်ကားရိုက်ကူးမှုကို အမေရိကန်နိုင်ငံ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

KKO



# မိုင်းတုံမြို့နယ် မယ်ရိုးခါးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မယ်ရိုးခါးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ မယ်ရိုးခါးကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုး ထက်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် များနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မယ်ရိုးခါးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၄၃ သန်းဖြင့် ကျေးရွာလူထုလုပ်အားများ၊ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ တတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်ထံမှ သိရသည်။ မောင်ခိုင်

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses Micro, Small and Medium Enterprises Development Work Committee meeting 1/2022



Vice-Senior General Soe Win addresses Micro, Small and Medium Enterprises Development Work Committee meeting 1/2022.

**Nay Pyi Taw November 15**

Micro, Small and Medium Enterprises Development Work Committee held meeting 1/2022 at the Ministry of Industry here this afternoon, addressed by Chairman of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were Union ministers, the Nay Pyi Taw Council chairman, deputy ministers, work committee members and officials. Chief ministers of regions and states and officials of associations took part in the meeting through video conferencing.

The Vice-Senior General said developed and developing countries faced direct economic and social consequences of Covid-19. The global economy hit the worst point, individual income dropped, and millions fell into extreme poverty. The worst hit areas were global trade, tourism, social goods trade and financial sector. Many sectors came to a stop, and job opportunities were hit by restrictions in resuming the business. Myanmar also faced adverse effects in economic, social and health sectors like other countries, and especially MSMEs with less financial power were hit harder. Loans were disbursed, and repayment dates have been extended for Covid-19-hit businesses. MSMEs are the country's main economic drive and they represent 99% of all economic businesses.

Industrial Supervision and Inspection Department of Ministry of Industry has issued 40,929 SME Member Cards, and over 45,000 registered businesses are in the SME category. Over 253,000 have registered at 13 departments of other ministries. Survival of registered MSMEs is required for national economic resurgence. Good opportunities will appear if the national advantages can be used as the foundation. Concerted efforts must be made to produce safety and valued-added foodstuff which has a global demand and to join the global value-added chain and international cooperation links.

MSMEs should study the results of market research because of the changes in lifestyles and should apply digital technology without fail. But they are still facing difficulties in applying the technology in certain business areas till now. The government is creating opportunities for MSMEs and overcoming the challenges together with them. The government is trying to advance from e-ID to e-Government. After the completion of the project, market research, digitalized functions, production, marketing, search and money transfer of MSMEs will automatically enter the current E-Government system.

The Vice-Senior General stressed the need for the agencies to register MSME through digital system online when the MSME agency has been formed and necessary procedures completed. This meeting aims to formally set up the agencies and to adopt the decisions. Only when these industries are to be registered in digital technology, will they have all assistance including the monetary capital and tax exemption to be provided by the State.

In accord with the guidance of the Chairman of the Central Committee Prime Minister at the central committee meeting, all relevant ministries need to cooperate with each other on primary needs of MSME on raw materials, inputs, skilled labour and capitals.

On the trips of the Prime Minister, the MSME businesspersons reported on 95 points of submissions in seven sectors. These submissions must be implemented one after another.

The work committee is a bridge to implement the policies adopted by the central committee and MSME businesspersons, providing necessary assistance, expertise and techniques to MSME, accepting reports and fulfilling their needs in time. As such, their work committee was compactly formed with officials of the ministries, UMFCCI, Myanmar Computer Federation, Myanmar Banks Association, Myanmar Young Entrepreneurs Association, Myanmar Women Entrepreneurs' Association. All work committee members must strive for rapid development of the State economy amid the assignments in need of MSME Central Committee and MSME businesspersons. As it is a committee for rapid economic growth of the State, its burden is heavy and all committee members must harmoniously participate in the implementation of the tasks.

Moreover, regional agencies need to submit the monthly reports on accomplishment to the work committee and then to the central committee. They have to make utmost efforts for manufacturing the value-added products from the raw materials of prospect raw, agricultural/livestock/fishery products with the use of techniques and modern machinery and increase the value chain with might and main so as to raise the State GDP.

The Secretary of the work committee Deputy Minister U Yin Maung Nyunt reported on the letters of offer.

Work committee members Union ministers, the chairman of Nay Pyi Taw Council, region and state chief ministers, directors general and officials from organizations discussed development of MSME industries in their respective sectors.

The Joint Secretary the director general of the Department of Industrial Supervision and Inspection sought the approval of the meeting minutes.

The Vice-Senior General coordinated the reports and gave a concluding remark.

Then, the Vice-Senior General visited the booths of policy and foreign affairs unit, technology and market promotion unit and Department of Industrial Supervision and Inspection under the Ministry of Industry where the Union minister and officials conducted him round the booths.

100

# Trump ally Kari Lake loses to Democrat Katie Hobbs in Arizona governor race

**Washington November 15**

Democratic candidate Katie Hobbs has defeated Republican Kari Lake in Arizona's race for governor, CBS News has projected.

The result is a rebuke of Ms Lake, who has peddled the false claim that Donald Trump won the 2020 US election.

In her victory statement, Ms Hobbs said that "in this moment of division" she would work for everyone in the state.

Ms Lake appeared to suggest that the result was incorrect, and that some votes for her had not been counted.

Elsewhere, almost a week after votes were cast, the race to control the House of Representatives remains tight.

Republicans must win at least 218 seats to claim a majority in the House of Representatives, a prospect that has sharply narrowed.

The party has currently won 215 seats while Democrats have won 211, according to race projections from CBS News.

BBC

# Over 19,000 out of over 21,000 applicants passed three levels of employment skills within 8 years


Skills test in progress at a worksite.

**Nay Pyi Taw November 15**

More than 21,000 applicants participated in the three-level national employment skills test and 19,000 of them passed the exam during the eight year time, according to reports from the Ministry of Labour.

During this period, 19,780 workers sat the examination of the national level of employment skills level (1) for 29 types of occupations and 17,989 workers successfully passed the exam.

A total of 1,362 workers sat the examination of the national level of employment skills level (2) for 13 types of occupations and 1,237 workers successfully passed the exam.

Only five workers sat the examination of the national level of employment skills level (3) for welding worker occupation, and all of them passed.

It is said that during the inspection of the three levels of employment skills during the period of eight years, both male and female workers participated in level (1) and level (2), but only male workers participated in level (3). 336

# Myanmar exports over 170,000 tons of maize worth over US$ 53 million in October

**Nay Pyi Taw November 15**

More than 170,000 tons of maize worth over US$ 53 million was exported to overseas markets in October, according to reports from the Ministry of Commerce.

Last October, the export and sale of maize to overseas markets was carried out by sea trade route and border trade route.

Myanmar exported maize to the Philippines, Vietnam, Bangladesh, Sri Lanka, China, Malaysia and Hong Kong by sea.

Myanmar exported 85,860 tons of maize to the Philippines, 71,110 tons of maize to Vietnam, 13,500 tons of maize to Bangladesh, 3,000 tons of maize to Sri Lanka, 780 tons of maize to China, 600 tons of maize to Malaysia, and 100 tons of maize to Hong Kong, for a total of 174,950 tons of maize.

Similarly, 2,870 tons of maize worth US$ 0.855 million was exported to China in October through the border trade route.

Now, the number of companies from Myanmar that have signed the China-Myanmar Plant Quarantine Protocol for the export and sale of maize to China has reached 112.

336


Maize for exports.

# Mandalay Region to host first toddy product workshop

**Mandalay November 15**

A workshop on toddy products will take place in Mandalay in coming December for the first time, said U Kyaw Soe Naing, vice president of Mandalay Region Chambers of Commerce and Industry.

The workshop is slated to be held in the second or third week of December at the office of Mandalay Region Chambers of Commerce and Industry. It is expected participate those from Mandalay Region Chambers of Commerce and Industry, toddy product experts, toddy farmers, toddy product cooperative societies and businesspersons.

"The toddy palm plantation namely Crown Prince toddy palm farm is located in Mandalay Region. Although toddy palm is a traditional livelihood in upper Myanmar, there are just a few number of toddy farmers. It is very important. Toddy palm plants are lifeblood of Anyar area. If the area is lack of toddy palm plants, local people will face environmental impacts. The workshop will focus on such kinds of topics. It will seek the best solution for improvement of the market for toddy palm plant products, especially ensuring firm market of toddy sap and toddy products for remaining life of toddy farmers and toddy plant alive," said U Kyaw Soe Naing.

The workshop will last for two days when participants would read research papers. It will focus on market, techniques and exportation among the toddy product producers and experts.

ASH

# Myanmar earns US$88.383 million in export of forest products from 1 April to 4 November 2022

**Nay Pyi Taw November 15**

Export of forest products earned US$88.383 million for the State during the period from 1 April to 4 November 2022 of the 2022-23 fiscal year, said director U Min Aung Aye of the Trade Poicy Branch of the Trade Department under the Ministry of Commerce.

Such an earning was excessive of more than US$11 million rather than the corresponding period of last fiscal year.

"During the same period of last fiscal year, the country pocketed US$76.832 million. So, this year's earning was excessive of US$11.551 million than the previous period," said the director.

With regard to year-wise exportation, Myanmar earned US$174.784 million in 2018-19 FY, $154.066 million in 2019-20 FY, $128.072 million in 202-21 FY and $83.901 million in the mini budget of 2021-22 FY.

Myanmar also exports forest products such as sawn teak timber, sawn hardwood timber, plywood, bamboo, rattan, jute, Thanakha, wax, extract pine, orchid, edible bird nest, nipar, thatch and others. ASH

# Garment, wiring and welding most favorite for entries in skill tests

**Yangon November 15**

The Ministry of Labour stated that the largest number of entries joined the skill tests for garment, electric wiring and welding genre from 2014 to 20 October 2022.

The National Skills Standards Authority-NSSA conducts the skill tests for labours to have recognition certificates for skills as of 2014.

A total of 21,147 labours have so far entered the skill test level 1 and 19,231 passed up to the end of October 2022.

During the period, 19,780 applicants entered the tests for 29 kinds of jobs at the skill level 1 and 17,989 entries passed. At the level 1, 6,854 workers entered the test and 6,417 passed.

At the level 2 test for 13 kinds of jobs, 1,362 workers entered and 1,237 passed. Among them, 444 workers entered the electric skills tests at the level 2 and 435 passed.

At the level 3 tests, five workers entered and all five persons passed it. At the level 3, they entered the tests for wickerwork for the skill-1, iron casting, automotive mechanic (electrical) and automotive mechanic (chasis) events. Seven applicants joined the skill-1 and six passed it.

At the skill-2, eight applicants each joined the iron casting, Automotive Mechanic (Electrical) and Automotive Mechanic (Chasis) events and eight passed the test in iron casting, seven in Automotive Mechanic (Electrical) and eight in Automotive Mechanic (Chasis). 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်က Avenger AN/TWQ-1 ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ ယူကရိန်းကို ပံ့ပိုးမည်



အမေရိကန်သည် ယူကရိန်းနိုင်ငံ အတွက် Avenger AN/TWQ-1 ယာဉ် တင်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည် စနစ် လေးစီးနှင့် Stinger ပခုံးထမ်း ဒုံးကျည်များ ပံ့ပိုးသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၀ ရက်တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန (DoD) ၏ အချက်အလက်များအရ သိရသည်။

Stinger ပခုံးထမ်းဒုံးကျည်များ တင်ဆောင်အသုံးပြုထားသည့် အမေရိကန် Avenger AN/TWQ-1 ယာဉ်တင် လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ယူကရိန်းစစ်ဘက်အတွက် ယခင်ကပေးအပ်ထားခြင်းမရှိသော လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်တစ်ခုဖြစ်သည်။

Avenger AN/TWQ-1 ယာဉ်တင် လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ခရုဇ်ဒုံးကျည်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်စနစ်များကို လွှမ်းခြုံကာကွယ်နိုင်စွမ်းရှိသည့် စနစ်ဖြစ်သည်။ အဆိုပါစနစ်သည် တာတိုယာဉ်တင်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ် ဖြစ်သော်လည်း HAWK လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် စပိန်နိုင်ငံက ပံ့ပိုးထားသော အခြားလေကာစနစ်များနှင့်အတူ အင်အားဖြည့်ဖြန့်ကြက်အသုံးပြုသွားနိုင်မည်ဖြစ်သည်။

Avenger AN/TWQ-1 သည် Boeing ကုမ္ပဏီက ထုတ်လုပ်သည့် အမေရိကန် ယာဉ်တင်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်သည်။ ခရုဇ်ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များ၊ အနိမ့်ပျံသန်းနိုင်သော တောင်ပံပုံသေတပ်လေယာဉ်များနှင့် ရဟတ်ယာဉ်များရန်မှ မြေပြင်တပ်ဖွဲ့များအတွက် လေကြောင်းရန်ကာကွယ်ရေး အကာအကွယ်ပေးရန် ဒီဇိုင်းထုတ်ထားသည်။

Avenger AN/TWQ-1 ကို HUMVEE 4×4 နည်းဗျူဟာသုံးယာဉ်၏ ခေါင်မိုးပေါ်တွင် Weapon Station လက်နက်စခန်းတစ်ခု တပ်ဆင်ထားသည်။ အခြေခံဖွဲ့စည်းပုံ၌ ဘေးတစ်ဖက်တစ်ချက်စီတွင် တပ်ဆင်ထားသော ဒုံးကျည်ပါသည့် သေနတ်သမားပစ်ခတ်မည့် ဆုံလည်တစ်ခု ပါဝင်သည်။ စံပြုယာဉ်တင်ဒုံးပစ်လောင်ချာ (Standard Vehicle-Mounted Launcher) ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည့် ဒုံးကျည် Pod တစ်ခုစီသည် MANPAD စနစ်ဖွဲ့စည်းမှုတွင် အလွယ်တကူ ဖြုတ်၊ တပ်ပစ်ခတ်နိုင်သည့် FIM-92 Stinger ဒုံးကျည်လေးစင်း တပ်ဆင်ထားသည်။

**United States supplies Ukraine with four Avenger AN/TWQ-1 mobile air defense missile systems ကို ဘာသာပြန်ဆိုထားပါသည်။**

## အီဂျစ်နိုင်ငံက HQ-17AE ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဝယ်ယူရန် တရုတ်နိုင်ငံနှင့်ဆွေးနွေးနေ

အီဂျစ်နိုင်ငံသည် တရုတ်ထုတ် HQ-17A ၏ ပြည်ပတင်ပို့သည့်ဗားရှင်း HQ-17AE ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကိုဝယ်ယူရန် တရုတ်နိုင်ငံနှင့် ဆွေးနွေးနေကြောင်း နိုဝင်ဘာ ၁၀ ရက်ထုတ် Tactical Report ဝက်ဘ်ဆိုက်မှထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တရုတ်နှင့် အီဂျစ်တို့သည် သံတမန်ဆက်ဆံရေးကိုထူထောင်ခဲ့သည်မှာ ၆၂ နှစ်ရှိပြီဖြစ်သည်။ ၂၀၁၃ခုနှစ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က Belt and Road Initiative (BRI)ကို စတင်ခဲ့ပြီး BRI မူဘောင်တွင် ပူးပေါင်းဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများကို ကြိုဆိုခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အီဂျစ်သမ္မတသစ် Sisi သည် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ် မြှင့်တင်နိုင်ခဲ့သည်။

ထို့နောက် ၂၀၁၆ ခုနှစ်တွင် အီဂျစ်သမ္မတ Sisi သည် Egypt Vision 2030 ဟု အမည်ပေးထားသည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာသစ်ကို စတင်လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် တရုတ်နှင့် အီဂျစ်တို့သည် အဆိုပါအစီအစဉ်နှစ်ရပ်အရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်သင့်လျော်သောနယ်ပယ်များကို ရှာဖွေကြံဆောင်နေကြခြင်းဖြစ်သည်။

HQ-17AE သည် ရာသီဥတုမရွေး၊ အနိမ့်မှ အမြင့်ပျံ၊ တာတိုပစ်မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်ပြီး China Precision Machinery Import-Export Corporation (CPMIEC) က ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ HQ-17A ၏ ပြည်ပတင်ပို့သည့်နာမည်လည်းဖြစ်သည်။ မူရင်း HQ-17A သည် 6×6 ထရပ်ကားချိန်းတပ်ကိုယ်ထည်ပေါ်တွင် အခြေခံထားသည်။ ၎င်းကို ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ စစ်ရေးပြအခမ်းအနား၌ ထုတ်ဖော်ပြသခဲ့သည်။ HQ-17A သည် ဘီးတပ်ထရပ်ကားကိုယ်ထည်ပေါ်တွင် အခြေခံတည်ဆောက်ထားပြီး ဒုံးပစ်လောင်ချာနှင့် ရေဒါစနစ်တို့ တစ်ပါတည်းတပ်ဆင်ထားသည်။ ၎င်းတွင် ဒေါင်လိုက်ပစ်လွှတ်နိုင်သည့် စုစုပေါင်းဒုံးကျည် ၁၆ စင်းကို သယ်ဆောင်ထားသည်။

HQ-17A သည် အများဆုံးအမြင့် ၁၀ ကီလိုမီတာ၊ အကွာအဝေး ၁၅ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်သည်။ လေယာဉ်၊ ရဟတ်ယာဉ်များ၊ UAV များ၊ ခရုဇ်ဒုံးကျည်များနှင့် တိကျလမ်းညွှန်ခဲယမ်းများကဲ့သို့သော ဝေဟင်ပစ်မှတ်များကို ထောက်လှမ်း၊ ခြေရာခံ၊ ထိန်းကျောင်း၊ တိုက်ခိုက်၊ ဖျက်ဆီးရန် အသုံးပြုနိုင်မည်ဖြစ်သည်။

**Egypt in talks with China to procure HQ-17AE mobile air defense missile systems ကို ဘာသာပြန်ဆိုထားပါသည်။**



## ရုရှား၏အထူးစစ်ဆင်ရေး ဆောင်းရာသီ၌ ခေတ္တရပ်နားနိုင်ကြောင်း အမေရိကန်ပြောကြား

ယူကရိန်းတွင် ရုရှား၏ အထူးစစ်ဆင်ရေးသည် ဆောင်းရာသီ၌ ခေတ္တရပ်နားနိုင်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အကြီးတန်းအုပ်ချုပ်ရေးအရာရှိများက New York Times သို့ နိုဝင်ဘာ ၁၂ ရက်က ပြောကြားခဲ့သည်။

အမေရိကန်က တစ်ဖက်နှင့်တစ်ဖက် တိုးတက်မှုများ ရပ်တန့်နိုင်ကြောင်း New York Times သတင်းစာက နိုဝင်ဘာ ၁၂ ရက်က ရေးသားဖော်ပြခဲ့သည်။

အပူချိန်နိမ့်ကျမှုနှင့် အေးခဲနေသောမြေပြင်သည် တင့်ကားများနှင့် ထရပ်ကားများ သွားလာရလွယ်ကူစေမည်ဖြစ်သော်လည်း NYT ၏အဆိုအရ ဆီးနှင်းများထူထပ်ခြင်းနှင့် အေးမြသောရာသီဥတုကြောင့် ရုရှားတပ်ဖွဲ့များအတွက် ထိုးစစ်ဆင်ရန် အဆင်မပြေနိုင်သေးကြောင်း ရေးသားထားသည်။



ရုရှားသည် ယူကရိန်းတပ်များ၊ စစ်အခြေစိုက်စခန်းများ၊ အခြေခံအဆောက်အအုံများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများအား ဆက်လက်တိုက်ခိုက်မှုအပေါ် အာရုံစိုက် လုပ်ဆောင်သွားနိုင်ဖွယ်ရှိကြောင်း သတင်းရင်းမြစ်များက ဆိုသည်။

ယူကရိန်း၏ ခံစစ်နှင့် ထိုးစစ်လက်နက်များ ပြန်လည်တည်ဆောက်ရန်အတွက် ဆောင်းရာသီစစ်ဆင်ရေး ခေတ္တရပ်နားထားမှုကို အသုံးပြုရန် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များအတွက် အရေးကြီးကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ အကြီးတန်းအုပ်ချုပ်ရေးအရာရှိများက ပြောကြားခဲ့သည်။

"ယူကရိန်းနိုင်ငံသားတွေက ရုရှားဘက်ခြမ်းကို အဖျက်အမှောင့်တိုက်ခိုက်မှုတွေနဲ့ဆက်ပြီး တွန်းအားပေးလုပ်ဆောင်မဲ့ပုံပါပဲ။ ဒါတွေဟာ ယူကရိန်းနိုင်ငံအတွင်း ရုရှားထိန်းချုပ်ထားတဲ့ နယ်မြေတွေကို ယေဘုယျအားဖြင့် ပစ်မှတ်ထားလုပ်ကြံမှုတွေပဲဖြစ်ပါတယ်"ဟု မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာမှ အကြီးတန်းဒုတိယဥက္ကဋ္ဌ Seth G. Jones က NYT သို့ ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင်ပင် ယူကရိန်းနိုင်ငံက စစ်ဘက်စစ်ဆင်ရေးများတွင် တပ်ဖွဲ့များကို ခေတ္တရပ်နားထားခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

"ကျွန်တော်တို့ ဘာမှသွေးအေးနေလို့မရပါဘူး။ ကျွန်တော်တို့က ရေခဲသေတ္တာမဟုတ်ပါဘူး"ဟု ယူကရိန်းနိုင်ငံအမျိုးသားလုံခြုံရေးနှင့်ကာကွယ်ရေးကောင်စီအကြီးအကဲ Alexey Danilov က ပြောကြားခဲ့သည်။

"ရာသီဥတုတွေကိုကြည့်နေလို့ မရပါဘူး။ ကျွန်တော်တို့နယ်မြေတွေ လွတ်မြောက်နိုင်ဖို့ ရာသီမရွေးတိုက်ပွဲဝင်နေရမယ်"ဟု နိုဝင်ဘာ ၁၂ ရက်က ရုပ်မြင်သံကြား အင်တာဗျူးတစ်ခုတွင် ၎င်းက ပြောကြားခဲ့သည်။

ရုရှားသည် ဆောင်းရာသီအတွင်း ၎င်း၏တပ်များ မည်သို့လုပ်ဆောင်မည်ကို အတိအကျ ထုတ်ပြန်ထားခြင်းမရှိသေးပေ။ သို့သော်လည်း တာဝန်ရှိသူများက ယူကရိန်းတွင် အထူးစစ်ဆင်ရေးရည်မှန်းချက်များအားလုံးကို ပြီးမြောက်အောင်လုပ်ဆောင်မည်ဟု အကြိမ်ကြိမ်ပြောဆိုခဲ့ပြီးဖြစ်သည်။ နိုဝင်ဘာ ၁၁ ရက်တွင် ကရင်မလင်၏ ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် လုပ်ဆောင်နိုင်သည်ဟု ပြောကြားခဲ့သော်လည်း ယူကရိန်းဘက်မှ ရပ်တည်ချက်ကြောင့် ယခုမဖြစ်နိုင်တော့ကြောင်း ပြောကြားခဲ့သည်။

**US expects Ukrainian conflict to stall during winter – NYT ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျုံပျော်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၂၆၉၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က အောင်မြင်ဖြစ်ထွန်းခဲ့သော မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆီထွက်သီးနှံ မြေပဲ ၂၆၉၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲ ၂၆၉၁ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ မြေပဲများကို ပြည်သူများ ဆီစားသုံးမှုဖူလုံစေရန်၊ ဘေးကင်းလုံခြုံသည့် ဆီများစားသုံးနိုင်ရန်အတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမြေပဲကို ၂၆၉၁ ဧကထိ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လျာထားချက်ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးနိုင်ဖို့ကိုလဲ ဒေသခံတောင်သူတွေနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ကြိုတင်တွေ့ဆုံဆွေးနွေးဆောင်ရွက်ပြီးဖြစ်ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေကို ဒေသခံတွေ စားသုံးနိုင်စေဖို့နဲ့ ဒေသတွင်း စားသုံးဆီပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် ဆီထွက်သီးနှံတွေကို တစ်မြို့နယ်လုံးအနေနဲ့ စီမံချက်ချမှတ် စိုက်ပျိုးနေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မြေပဲမျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှုနည်းစနစ်များ မှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နမ့်ဆန်မြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးကျောက်ချောလမ်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**နမ့်ဆန် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(လားရှိုး)က နမ့်ဆန်မြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(လားရှိုး) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၄၇ ဒသမ ၄၅၁ သန်းဖြင့် ဆောင်ရွက်သည့် နမ့်ဆန်မြို့နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော မန်လွယ် (အထက်)ကျေးရွာလမ်းခွဲမှ တောင်ကျော်ကျေးရွာထိ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



နမ်ဆန်မြို့နယ် မန်လွယ် (အထက်) ကျေးရွာလမ်းခွဲမှ တောင်ကျော်ကျေးရွာထိ လမ်းအရှည် တစ်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ရာနှုန်းပြည့်ပြီးစီးပါက နယ်စပ်ဒေသရှိ ကျေးရွာငါးရွာမှ ပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းက အကျိုးပြုစေမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်တော့မည်ဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လားရှိုး)မှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# လက်ပံတန်းမြို့နယ် ကျေးရွာသုံးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**လက်ပံတန်း နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် မကျီးကွင်းအနောက်စုကျေးရွာ၊ လူတော်စုကျေးရွာနှင့် သပြေမြကျေးရွာတို့၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက မကျီးကွင်း အနောက်စုကျေးရွာ၊ လူတော်စုကျေးရွာနှင့် သပြေမြကျေးရွာတို့၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မကျီးကွင်းအနောက်စုကျေးရွာတွင် လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းနှင့် လူတော်စုကျေးရွာတွင် လမ်းအရှည် ပေ ၂၂၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းနှင့် သပြေမြကျေးရွာတွင် လမ်းအရှည် ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ယခုနှစ် ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာသုံးရွာတွင် ဂဝံလမ်းခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိသောထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးရွာသုံးရွာရှိ အိမ်ခြေ ၁၈၉ အိမ်၊ လူဦးရေ ၇၇၀ တို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၅-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၈၀၀၀ |
| **(ဖွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၈၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် သုတေသနလေ့လာရေးခရီးစဉ်နှင့် (၁၂)ကြိမ်မြောက် ချူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂) တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် မော်စကိုမြို့အနီးရှိ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စက်ရုံအတွင်းရှိ Water Intake၊ Observation deck တို့ကိုလည်းကောင်း၊ ကေဗွီ ၅၀၀ Switchyard တို့ကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံ ထိန်းသိမ်းမောင်းနှင်နေသည့်ဝင်းအတွင်းရှိ ဓာတ်အားပေးစက်များနှင့် Main Control Panel တို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမတွင် RusHydro Group နှင့် Zagorskaya PSPP တို့နှင့်ပတ်သက်၍ PJSC RusHydro, International Cooperation Dapartment အကြီးအကဲဖြစ်သူ Mr.Artem Sokhikyan နှင့် Zagorskaya PSPP ၏ Director Mr. Victor Zhiznevskiy တို့က ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ နွေးထွေးစွာကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ပိုမိုပူးပေါင်း ဆောင်ရွက်လိုပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော 1200 MW Pump Storage ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံလည်ပတ်နေမှုကို လေ့လာတွေ့ရှိရသဖြင့် မိမိနိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆွေတော်တို့ ကုမ္ပဏီများအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်အပ်ပါကြောင်း၊ မိမိတို့အပေါ်တွင် အလေးအနက်ထား၍ ဆောင်ရွက်ပေးနေသည်ကိုတွေ့ရှိရသဖြင့် အထူးဝမ်းမြောက်မိပါကြောင်း ပြောကြားပြီး စက်ရုံနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းကြသည်။



မြန်မာနိုင်ငံရှိ ရေအားအရင်းအမြစ်များကိုလေ့လာရန်၊ လိုအပ်သည့် နည်းပညာအကူအညီပေးရန် RusHydro Group မှ ပညာရှင်များပါဝင်သည့် အဖွဲ့က ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့အတွင်း လာရောက်လေ့လာကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မော်စကိုမြို့အနီးတွင်တည်ရှိပြီး ကုညာမြစ်ကို ရေတံခါးထိန်းကိရိယာများဖြင့် အဖွင့်အပိတ်ဆောင်ရွက်၍ ရေထိန်းဧရိယာ 22. 4 Million Cubic Meter (၁၈၁၆၀ ဧကပေ)ရှိကာ 1200 MW ကို နေ့စဉ်အမြင့်ဆုံးသုံးစွဲသည့်အချိန် ၄ နာရီခွဲခန့် မောင်းနှင်၍ ညအချိန်တွင် နေ့ပိုင်း၌ သုံးစွဲလည်ပတ်မောင်းနှင်ထားသော ရေများကို Pump များဖြင့် မီတာ ၁၀၀ အမြင့်ရှိ ရေထိန်းကန်အတွင်းသို့ ပြန်လည်မောင်းနှင်၍ အကျိုးရှိစွာဖြင့် အသုံးချဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ပြင် ထပ်မံ၍လည်း 800 MW ကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး မော်စကိုမြို့၏ အဓိကသုံးစွဲလျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ပေးနေသည့်စက်ရုံတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ဆိုင်ကလုန်းရှပ်တာတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၁၁၈ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၆၈ ဦး၊ ခွဲစိတ်ရောဂါ ၆၅ ဦး၊ သားဖွား၊ မီးယပ်ရောဂါ ၄၁ ဦး၊ ကလေးရောဂါ ၃၃ ဦး၊ အရိုးရောဂါ ၁၈၁ ဦး၊ နားနှာခေါင်း၊ လည်ချောင်းရောဂါ ၄၇ ဦး၊ မျက်စိရောဂါ ၃၁၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၂ ဦး စုစုပေါင်း ၁၁၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာလေးဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၄ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးစဉ်။**

# အမျိုးသားစာပေဆုနှင်းသဘင် နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကို နိုဝင်ဘာ ၂၃ရက် နံနက် ၁၁နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-II)၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူစာရင်းကို အောက်တိုဘာ ၂၉ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး ဆုနှင်းသဘင်အခမ်းအနားသို့ ဆုရရှိသူများ၊ ဆုရစာအုပ်များကိုထုတ်ဝေခဲ့သည့် စာပေတိုက်များနှင့် ထုတ်ဝေသူများ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် စာပေပညာရှင်များအားလုံးအပါအဝင် စာပေဆိုင်ရာအဖွဲ့အစည်းများသို့ ဖိတ်ကြားထားကြောင်း သိရသည်။

အစမ်းလေ့ကျင့်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိကြသူများအနေဖြင့် စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ (စာပေဗိမာန်) နေပြည်တော်ဖုန်း ၀၆၇-၃၄၁၂၂၀၃ နှင့် ၀၉-၄၂၀၁၃၀၄၈၁ တို့သို့ သတင်းပို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၂ ခုနှစ် Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD) ၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့တွင် ယင်းနေ့ ညနေ ၃ နာရီ ၁၅မိနစ်မှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်ပညာဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေး

# National Research Univresity Moscow Power Engineering Institute (MPEI)နှင့် National Research Nuclear University (MEPhI) သို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် သုတေသနလေ့လာရေးခရီးစဉ်နှင့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂) တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်ပညာဝန်ကြီးဌာန ဝန်ကြီး H. E Valery Falkov ကို အဆိုပါဝန်ကြီးဌာနအစည်းဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်ပညာဝန်ကြီးဌာန ဝန်ကြီး H. E Valery Falkov တို့ တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံရာတွင် ပညာတော်သင်စေလွှတ်ရေးကိစ္စရပ်များ၊ ပညာသင်ဆုအရေအတွက်တိုးမြှင့်ရရှိရေးကိစ္စရပ်များ၊ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာ-ရုရှား သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် National Research Univresity Moscow Power Engineering Institute (MPEI)သို့သွားရောက်၍ ပါမောက္ခချုပ် Alexander Bryukhoveskovoe ဦးဆောင်သော တက္ကသိုလ်မှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပညာတော်သင်ကိစ္စရပ်များကို ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် National Research Nuclear University (MEPhI) ပါမောက္ခချုပ် Vladimir Schevchenko ဦးဆောင်သော တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တက္ကသိုလ်၏သင်ကြားသင်ယူမှု၊ လက်တွေ့ခန်းများ၊ သုတေသနလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ရောဝတီမြစ်ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေး၊ မန္တလေးကန်တော်ကြီးနှင့် သင်္ဘောချောင်းအတွင်းမှ ဗေဒါများဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ရောဝတီမြစ် ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မရမ်းခြံဆိပ်ကမ်းမှ ပေပင်ဆိပ်ကမ်းထိ ကမ်းနားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိနေမှု၊ လုပ်သားအင်အား၊ လုပ်ငန်းသုံးယာဉ်အင်အားများ အသုံးပြု၍ လမ်းမလွတ်သစ်ကိုင်းများ၊ ကားကြိုးမလွတ်သစ်ကိုင်းများ ရှင်းလင်းနေမှု၊ မြင်ကွင်းကွယ်သစ်ပင်ကြီးများ အလင်းဖွင့်လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်ဇရိယာ မန္တလေးကန်တော်ကြီးအတွင်းမှ ဗေဒါများကို စက်အား၊လူအားဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှုများ၊ ကန်တော်ကြီးပတ်လမ်းဘေးရှိ အမှိုက်သရိုက်များနှင့် ကန်တော်ကြီးအတွင်း ဝင်ရောက်သည့် သင်္ဘောချောင်းအတွင်းမှ ဗေဒါနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုနှင့် ရှင်းလင်းထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။





**မျိုးကျော်**

## အောက်တိုဘာ ၁၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၈၃၂၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၈၀၅ ဦး |
| သေဆုံးသူ | ၁၉၄၈၆ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၁၄၂ ဦး |

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ်ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များကို PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၁၆-၁၁-၂၀၂၂ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဘယ်လိုဖျက်ဖျက် မပျက်တဲ့တန်ဆောင်တိုင်"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်တစ်ဦးကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးတွင် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့ နေ့လယ်ပိုင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်စီမံအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း)ကလောမြို့နယ်မှ PDFအဖွဲ့ဝင် အမျိုးသား တစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်း၏ မိဘအုပ်ထိန်းသူထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အနော်ရထာခန်းမ၌ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကိုပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်း၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မဟာအောင်မြေမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား သုံးဦး၊ပြည်ကြီးတံခွန်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်မှPDFအဖွဲ့ဝင် အမျိုးသား တစ်ဦး၊ စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDFအပါအဝင်အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့်စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ်အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကိုရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။


## မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်များဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ်အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ငါးခုရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ်တစ်ခုချင်းစီကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size-13, Pyidaungsu Font ဖြင့် လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size-12,Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် အရောက်ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃-၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာပြည့်စုံစွာပါရှိရမည်။

မှတ်ချက်။ **မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးက တက်ကြွစွာပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် ရွှေဘိုမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မှော်တော်ကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များက မှော်တော်ကျေးရွာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီး ပြောကြားကြသည်။ ထို့နောက် ဝန်ကြီးချုပ်က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာ ၁၅ ရွာအတွက် နေကြာသီးနှံမျိုးစေ့ဖိုးငွေကျပ် ၇၅ သိန်းနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တိုင်းမှူးက မှော်တော်ကျေးရွာပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်အိတ် ၃၀၊ဆီပိဿာ ၅၀နှင့်စားသောက်ဖွယ်ရာများကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ရာ မှော်တော်ကျေးရွာ ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက မှော်တော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ကန့်ဘလူမြို့ရှိ ရွှေဆည်မြိုင် အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာ ၄၇ ရွာအတွက် နေကြာသီးနှံမျိုးစေ့ဖိုးငွေကျပ် ၂၁၅ သိန်း၊ ယူနီဖောင်းများ၊ ဆန်အိတ် ၅၀၊ ဆီဘူး ၃၀၊ ဆားအိတ် ၅၀၊ ပဲအိတ် ၅၀ နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နေ့လယ်ပိုင်းတွင် ရွှေဘိုမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရွှေဘိုမြို့တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ ရွှေဘိုမြို့အတွင်းရှိ ကျေးရွာ ၁၆ ရွာအတွက် နေကြာသီးနှံမျိုးစေ့ဖိုးငွေကျပ် သိန်း ၈၀၊ ယူနီဖောင်းများ၊ ဆန်အိတ် ၂၀၊ ဆီ ၁၀ ပုံး၊ ကြက်ဥ အလုံး ၁၂၀၀၊ ခေါက်ဆွဲခြောက် ၁၅ ဖာ နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူဦးရေ ၉၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူဦးရေ ၁၇၁၀၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ နန့်စီဒေသရှိ ဒေသခံပြည်သူဦးရေ ၇၈၀၊မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၅၆၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာ ကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၈၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့တို့တွင် စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် အမ်းမြို့ရှိ ဒေသခံ ပြည်သူများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက Mask များ အခမဲ့ ပေးဝေ လှူဒါန်းစဉ်။

## ၂၀၂၂ခုနှစ်၊ ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။
- ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။
- အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။
- မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## သံအမတ်ကြီး ဦးတင်ယု ကာတာနိုင်ငံ အကြီးအကဲထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကာတာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို နိုဝင်ဘာ ၇ ရက်တွင် ကာတာနိုင်ငံ ဒိုဟာနန်းတော်၌ ကာတာနိုင်ငံအကြီးအကဲ ရှိတ်တမင်း(မ်) ဘင်ဟမက် အယ်တာနီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲပြုလုပ်




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော တိုင်းစစ်ဌာနချုပ်မှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ကျောင်းသူများနှင့်စစ်မှုထမ်းဟောင်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတွင်လည်း တာဝန်ရှိသူများက ကျောင်းသား၊ကျောင်းသူများကို ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ပထမဆုံးအကြိမ် ထန်းထွက်ကုန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်



**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးတွင် ပထမဆုံးအကြိမ်အဖြစ် ထန်းထွက်ကုန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ ဒီဇင်ဘာလအတွင်း ကျင်းပသွားရန်စီစဉ်ထားကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ထန်းထွက်ကုန်ဆိုင်ရာ ပညာရှင်များ၊ ထန်းတက်တောင်သူများ၊ ထန်းထွက်ကုန်ပစ္စည်း ထုတ်လုပ်နေသည့် သမဝါယမအသင်းများနှင့် လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲမှတစ်ဆင့် ထန်းနှင့်ပတ်သက်ပြီး အကျိုးကျေးဇူးရရှိခဲ့မှုအား စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို တစ်ရက်တာ ပြုလုပ်သွားမည်ဖြစ်ပြီး အိမ်ရှေ့မင်းထန်းတောကို ကမ္ဘာ့အမွေအနှစ်စာရင်း ယူနက်စကိုမှတ်တမ်းဝင်နိုင်ရေး ပြုစုထားသောစာတမ်းများဖတ်ကြားခြင်း၊ ထန်းတက်တောင်သူရှားပါးလာခြင်းကြောင့် လူစွမ်းအားအရင်းအမြစ်ရရှိစေရေးနှင့် ထန်းပင်များ လျော့နည်းလာမှုမှကာကွယ်ရန်အတွက် ထန်းပင်၏အကျိုးကျေးဇူးများအကြောင်း၊ တန်ဖိုးမြှင့် ထန်းထုတ်ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ပညာရှင်များနှင့် ဈေးကွက်၊ နည်းပညာနှင့် ပြည်ပပို့ကုန်အထိ တက်လှမ်းနိုင်ရေး ဆွေးနွေးခြင်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်ပြခန်းများ ပြသခြင်းများ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု ကော့ခမိတ်ကျေးရွာအနီး ဘားအံ-အိန္ဒု သွားကားလမ်းတွင် ထွန်းမြတ်ဝင်း(ခ)ဂျိုကာ မောင်းနှင်ပြီး ကျော်ရာဇာမင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇေပဲမြို့နယ် ပဒါန်းကျေးရွာအုပ်စု ပဒါန်းကျေးရွာရှိ ပဒါန်း(ပျဉ်းဝ) ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် HYUNDAI အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ နှင့် မြန်မာငွေကျပ် ၂၄ ဒသမ ၆၅ သိန်းကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကွဲ့တပ်ဆုံကျေးရွာအုပ်စု ကွဲ့တပ်ဆုံကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် KING LONG အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၁ ကီလိုကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် စိုင်းမောင်ထွန်း(ခ)မောင်ထွန်း မောင်းနှင်လာသည့် SUPRER CUSTOM အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



ဖမ်းဆီးရမိသူကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရွှေကူမြို့နယ် စီသော်ကျေးရွာအတွင်းရှိ နေအိမ်များကို KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ် ရွှေကူမြို့နယ် စီသော်ကျေးရွာအတွင်းရှိ နေအိမ်များကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နိုဝင်ဘာ ၁၃ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် စီသော်ကျေးရွာအနီးသို့ရောက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏မြောက်ဘက်နှင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ ဆုတ်ခွာရာလမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း နေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၆-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၃း၀၀ | ပြည်သူကြားက ပြည်သူ့စကား |
| ၃။ | ၁၈း၂၀ | ဝဏ္ဏယူအလွမ်း |
| ၄။ | ၂၁း၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်နေ ရဲနိုင်ဦး(ခ) မိုဟာမက် ဘေလာသည် ၎င်းအသုံးပြုသည့် "Ye Naing Oo" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်၌ PDF အမည်ခံအကြမ်းဖက်သမားများကို လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ စောင့်ဆိုင်းနေစဉ် ချောင်းနှစ်ခွ-မုဒုံလမ်းကြောင်းအတိုင်း မသင်္ကာဖွယ်ရာ မောင်းနှင်လာသည့် အကြမ်းဖက်သမား အမျိုးသား ၂ ဦးအား ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်နေရာပြ မြေပုံ




**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် နိုဝင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲခန့်တွင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ကဒါရိုကင်းစခန်း၏ အရှေ့ဘက် မီတာ ၃၀၀ ခန့်အကွာ၌ စောင့်ဆိုင်းနေစဉ် ချောင်းနှစ်ခွ-မုဒုံလမ်းအတိုင်း မသင်္ကာဖွယ် အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တစ်စီးကို တားဆီးရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်းမရှိဘဲ မုဒုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် အမှတ်(၁၀)နေ ညဏ်ထက်ကို ၂၁ နှစ်နှင့် မော်လမြိုင်မြို့ ဘင်လှိုင်ရပ်ကွက်နေ စည်သူဖြိုး ၂၂ နှစ် တို့ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ PDF အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် စာရွက်စာတမ်းများ၊ ၎င်းတို့ကိုင်ဆောင်သည့် ဖုန်းများအတွင်းမှ PDF အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရှိခဲ့သည်။

ဖမ်းဆီးရမိသူများကို ထပ်မံစစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့နှင့် ဆက်စပ်သည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် ဇေယျာ(၃)လမ်းရှိ အငှားတိုက်ခန်းတွင် ရောက်ရှိလျက်ရှိကြောင်းသိရှိရသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရန်သွားရောက်ခဲ့ရာ ညနေ ၄ နာရီ မိနစ်၂၀ ခန့်တွင် အဆိုပါတိုက်ခန်း၏ အရှေ့သို့ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ရမ်းသန်းပစ်ခတ်ခဲ့သဖြင့် မော်လမြိုင်မြို့ ဝေးကုန်းရပ်ကွက်နေ ဦးကျော်မိုး ၃၁ နှစ်နှင့် ဇေယျာသီရိရပ်ကွက်နေ ဦးဟိန်းကိုဦး ၃၂နှစ် တို့တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

၎င်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိသည့် အဆောက်အအုံကို ဝိုင်းပတ်ပိတ်ဆို့ထားရှိပြီး ဇေယျာ(၃)လမ်းရှိ လူနေအိမ်များမှ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် ဘေးလွတ်ကင်းသည့်နေရာသို့ ရွှေ့ပြောင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် PDF အမည်ခံအကြမ်းဖက်သမားများကို လက်နက်ချအညံ့ခံရန် ပြောဆိုခဲ့ရာ လက်နက်ချခြင်းမရှိဘဲ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်၍ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများဖြစ်သည့် မော်လမြိုင်မြို့ လှိုင်ရပ်ကွက်နေ သန့်ဇင်လင်း (ခ)မျက်နှာမဲ ၁၈ နှစ်၊ ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက်နေ ဇော်ထက်အောင်(ခ) ဆံရှည် ၃၀နှစ်၊ မော်လမြိုင်မြို့ လှိုင်ရပ်ကွက်နေ ကျော်သက်ဦး ၂၂ နှစ်၊ ဖြိုးကိုအောင် ၂၃နှစ်၊ ထက်အောင်(ခ)သခေါ ၂၀နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နေ နှင်းကလျာ(ခ)ပိုးလေး ၁၆ နှစ်တို့ကို တူရကီနိုင်ငံထုတ် Zoraki အမျိုးအစား ပစ္စတိုသေနတ် နှစ်လက်၊ ချက်စ်နိုင်ငံထုတ် CZ အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ၅၂ တောင့်၊ ပစ္စတိုကျည်အိမ် သုံးခု၊ ယမ်းဘူး ငါးဘူး၊ ဒေသန္တရလက်လုပ်မိုင်း ကိုးလုံး၊ ပစ္စတိုအပစ်လက်ကိုင် တစ်ခု၊ လက်ကိုင်ဖုန်း သုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ဖမ်းဆီးရမိ PDF အမည်ခံအကြမ်းဖက်သမား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် အပြစ်မဲ့ပြည်သူ အမျိုးသားနှစ်ဦးတို့ကို နယ်မြေခံတပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။ အဆိုပါဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူ နှစ်ဦးအနက် ဦးဟိန်းကိုဦး ၃၂ နှစ်သည် ဆေးကုသမှုခံယူနေစဉ်အတွင်း ရရှိဒဏ်ရာများဖြင့် ည ၈ နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ PDF အမည်ခံအကြမ်းဖက်သမားများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့ကြားနိုင်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။



**PDF အမည်ခံအကြမ်းဖက်သမားများ နေထိုင်ခဲ့သည့် ငါးခန်းတွဲအဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။**





**PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။**



# ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်း ၁၉၄ ဒသမ ၇၀၈၀ တန် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်း ၁၉၄ ဒသမ ၇၀၈၀တန် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။


သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်ထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၄၄ ဒသမ ၃၁၁၆ တန်၊ သစ်မာ ၇ ဒသမ ၄၆၆၈ တန်၊ အခြား ၄၂ ဒသမ ၉၂၉၆ တန် စုစုပေါင်း ၁၉၄ ဒသမ ၇၀၈၀ တန်၊ ယာဉ်၊ ယန္တရား ၁၆ စီး၊ တရားခံ ၃၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

0w Kvd @

# ငရဲလမ်း

ကိုရွှေတောသား(ဆင်ကူး)




(၁)

နိဗ္ဗာန်ဆော်ဘမောင်၏အပြောကို တစ်ဆင့်စကား တစ်ဆင့်နားကြား၍ ရွာထဲရှိ လူသူအများ ဘုန်းတော်ကြီးကျောင်းသို့ စုရုံးရောက်ရှိနေကြသည်။ သို့လော သို့လောဖြင့် တစ်ယောက်တစ်ပေါက် တီးတိုးစကားသံများ ညံညံစီစီ။ ဘုန်းကြီးကြွလာမှ အားလုံးငြိမ်ချက်သားကျသွားသည်။ ဘုန်းတော်ကြီးက ဘာများမိန့်တော့မည်နည်း။ အားလုံးက စိတ်ဝင်တစားရှိနေသည်။ ဘုန်းတော်ကြီးက ရွာသူ၊ ရွာသားအားလုံးကို ယခုလိုမိန့်ပါတော့သည်။

"ကဲ. . . ကဲ ဒီကိစ္စက မပြောလို့လဲမဖြစ်တဲ့ကိစ္စမို့လို့သာပြောရမှာ ဦးပဥ္စင်းလဲ တယ်မမိန့်ချင်တဲ့စကားပဲ။ ဟဲ့ ဒကာကြီး ဘမောင် ဒကာကြီးညက ကျောင်းကိုလာတုန်းက ဘယ်အချိန်လောက်ရှိမလဲ"

ဦးဘမောင်က ခေတ္တမျှငြိမ်ပြီးစဉ်းစားလိုက်သည်။ ပြီးမှ လက်အုပ်ချီ၍ ခပ်တိုးတိုးမျှဖြေဆိုသည်။

"ည ဆယ့်နှစ်နာရီ၊ ဆယ့်နှစ်နာရီလောက်တော့ ရှိလိမ့်မယ် ရှိလိမ့်မယ်လို့ ထင်ပါ့ဘုရား"

"ဩော်. . . အနိစ္စ ဒုက္ခ အနတ္တ။ ကဲ. . . ကဲ ဒကာ၊ ဒကာမတွေကို ခေါ်လိုက်ရတာက ညက ဦးပဥ္စင်းကျောင်း ဓားပြတိုက်ခံရလို့ပဲ"

"ဟင်"

"ဟာ"

"ဟာ ဘယ်လိုဖြစ်ရတာလဲဘုရား။ အဲဒါ ညက တပည့်တော်ကို ဘာဖြစ်လို့မပြောတာလဲဘုရား"

"ဇကန္တ ညက ကျောင်းကိုတပည့်တော်လာကြည့်တော့ ကျောင်းထဲက ထွက်သွားကြတဲ့ လူအရိပ်တွေက ဓားပြတွေ ဓားပြတွေပေါ့ ဟုတ်လားဘုရား။ အဲဒါကို ညက ဘာဖြစ်လို့ တပည့်တော်ကို မပြောတာလဲဘုရား။ အရှင်ဘုရားသာ ပြောမယ်ဆိုရင် အဲဒီဓားပြတွေကို အချိန်မီဖမ်းလို့ရနေတာကိုဘုရား"

နိဗ္ဗာန်ဆော်ကပ္ပိယကြီးဦးဘမောင်၏ စကားများက ဒေါသသံရောစွက်နေသည်။ ရွာသူ၊ ရွာသားများလည်း တစ်ယောက်တစ်ပေါက် ဟိုပြောသည်ပြောပြောကုန်ကြသည်။ ရွာ၏ဥက္ကဋ္ဌကြီးဦးမြသွင်က-

"သေချာလို့လားဘုရား။ ဒါနဲ့ ဘာတွေများ ပါသွားသေးလဲ ဘုရား ဟို ဟို"

ဥက္ကဋ္ဌကြီးဦးမြသွင်၏စကားများလည်း တုန်တုန်ယင်ယင်ဖြစ်လာသည်။ တဟိုဟိုဖြင့် စကားများရှေ့မဆက်တော့။

"ပြောချင်တာက အဲဒီကိစ္စပဲ။ ဦးပဥ္စင်းတို့ ဒကာ၊ ဒကာမတွေ အပ်နှံထားတဲ့ ဘုရားဌာပနာထည့်သွင်းရမဲ့ လက်ဝတ်တန်ဆာတွေနဲ့ ပိုက်ဆံတွေအကုန်လုံး ပါသွားပြီးပဲ ဦးပဥ္စင်းလဲတားပါတယ် ဘယ်လိုမှ တားလို့မရတဲ့အဆုံး ပေးလိုက်ရတာပဲ"

"ကိုယ့်ဆီမှာရှိတဲ့ပစ္စည်း ကိုယ်ပေးမှရတာကို အရှင်ဘုရားက မငြင်းဘူးလား။ ငါ့မှာမရှိဘူးလို့ ညာပြောလိုက်ပါ့လားဘုရား"

ဒေါ်အာကျယ်မဟူသော အမျိုးသမီးကြီးက အာပေါင်အာရင်းသံကြီးဖြင့် ပြစ်တင်စကားပြော၏။

"ဟဲ့ အာကျယ်မ ညည်းဘာသိလို့ ဝင်ပြောနေရတာလဲ။ ဘုန်းကြီးရဟန်းဆိုတာ လိမ်တဲ့ညာတဲ့အလုပ်မလုပ်ရဘူး"

"အို. . . ကျုပ်ကတော့ လက်မခံပါဘူးတော်။ ကျုပ်တို့ ရွာသူ၊ ရွာသားတွေ သွေးနဲ့ချွေးနဲ့ရင်းပြီး ရှာဖွေစုဆောင်းထားကြတဲ့ပစ္စည်းဥစ္စာ ကိုယ့်ကိုယုံကြည်လို့ အပ်ထားတာ မပျက်စီးမဆုံးရှုံးအောင် စောင့်ရှောက်ပေးသင့်တာပေါ့။ ဒီမှာ ဥက္ကဋ္ဌကြီး ဒီကိစ္စ ကျုပ်မကျေနပ်ဘူး"

"ဟယ် ညည်း တော်စမ်းဆိုအေ"

ဥက္ကဋ္ဌကတော်က ဝင်တားရသည်။ တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံကုန်တော့သည်။

"ဒါ မဟုတ်မှလွဲကော အခုတစ်လော ဒီကျောင်းကို အဝင်၊ အထွက်လုပ်နေတဲ့ ဟို ဧည့်သည်တွေ လက်ချက်ပဲဖြစ်ရမယ်"

ကပ္ပိယကြီး ဦးဘမောင်က မှတ်ချက်ချသည်။ ကျောင်းသို့ အရောင်းအဝယ်ကိစ္စဖြင့် မကြာခဏ ရောက်လာတတ်သည့် အောက်ပြည်အောက်ရွာက ကုန်သည်များကို ဆိုလိုရင်းဖြစ်သည်။

"ဟဲ့ ဒကာကြီး ဘမောင် မသေချာဘဲ သူတစ်ပါးကို မစွပ်စွဲရဘူး ဥစ္စာပျောက် ငရဲရောက်တဲ့ ဆိုရိုးလဲ ရှိတယ်မဟုတ်ကလား"

"အို အရှင်ဘုရားကလဲ မဟုတ်မှလွဲရော သူစိမ်းဆိုလို့ သူတို့ပဲရှိတာ၊ ပြီးတော့ ဒီကျောင်းမှာ သူတို့ပဲ တည်းတာခိုတာလုပ်နေကြတာ၊ ဒီကျောင်းမှာ ဘာရှိတယ် ညာရှိတယ် သူတို့အသိပဲဖြစ်မှာ"

ဘုန်းကြီးစကား မဆုံးခင်ပင် ဒေါ်အာကျယ်မက ဝင်ပြော၏။

"အဲဒီလိုပြောလို့မရဘူး ဒကာမ။ အဲဒီလိုပြောလို့ ရရိုးဆိုရင် ဟောဒီက ကပ္ပိယကြီးဦးဘမောင်ကကော မဖြစ်နိုင်ဘူးလား"

"ဟာ အရှင်ဘုရား ဘယ်လိုကြီးမိန့်လိုက်တာလဲ ဘုရား။ ဘုရားတပည့်တော်က အဲဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး မလုပ်ဘူး"

ချက်ချင်းပင် ကပ္ပိယကြီးဘမောင်က ဝင်လျှောက်သည်။ သူ့အသံများပင် တုန်တုန်ယင်ယင်ဖြစ်နေသည်။

"ကဲ. . . ကဲ အားလုံးပဲ ခဏလောက်တိတ်တိတ်ကလေးနေကြစမ်းပါအုံး။ ဒီကိစ္စက လောလော လောလောလုပ်လို့မရဘူး။ ခေါင်းအေးအေးထားပြီး စဉ်းစားကြရအောင်"

"ဒါနဲ့ အရှင်ဘုရား ညက ကိုဘမောင် ကျောင်းကိုလာတုန်းက အရှင်ဘုရားက ဘာဖြစ်လို့ ညတွင်းချင်း ဒီအကြောင်းတွေကို မပြောရတာလဲ ဘုရား"

"ဟုတ်တယ် ဟုတ်တယ် ညကတည်းကသာသိရင် အဲဒီဓားပြတွေကို ညတွင်းချင်း ဝိုင်းဖမ်းလို့ရနိုင်တဲ့ ဥစ္စာကို"

ဘုန်းတော်ကြီးသည် မည်သို့မျှမမိန့်။ ငြိမ်သက်စွာရှိနေ၏။

"အရှင်ဘုရား ဘာကြောင့်လဲ ဘာကြောင့်လဲဘုရား"

ဥက္ကဋ္ဌကြီးကတော်က ဝင်ရောက်လျှောက်တင်သည်။

"အိမ်း ဒီလိုဒကာမရေ။ ညက ကပ္ပိယကြီးဦးဘမောင်လာတာနဲ့လဲကြုံပ့ါ။ ဘာဖြစ်လို့မပြောရသလဲဆိုတော့ သူခိုးဓားပြဆိုတာ လူချည်းသက်သက်လာကြရိုးမှမရှိဘဲ မဟုတ်လား။ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်လာကြမှာပဲ။ ကဲ. . . ထားပါတော့ ညတွင်းချင်း ဦးပဥ္စင်းက ပြောလိုက်ပါဘိနဲ့ ရွာသူ၊ ရွာသားတွေအားလုံးက ဓားပြအဖွဲ့ကိုဝိုင်းပြီး ဖမ်းကြမယ် ဖမ်းကြတော့ သူသူကိုယ်ကိုယ် ဒေါသအလျောက်ဖြစ်ကြတဲ့အခါ ခိုက်ရန်တွေဖြစ်မယ်။ ပြီးတော့ ညဘက်ဆိုတော့ သူ့လူကိုယ့်လူ သတ်ကြပုတ်ကြနဲ့ သေကျေပျက်စီးမှုတွေဖြစ်ကြရမယ် မဟုတ်လား။ ဒီတော့ အားလုံးဒုက္ခရောက်ကုန်ကြမယ်မဟုတ်လား"

"အို. . . ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ အဲလေ တပည့်တော်မကတော့ ဒီကိစ္စကို လုံးဝမကျေနပ်ဘူး။ ဟိုး အစောကြီးကတည်းက အရှင်ဘုရားကို ပြောချင်နေခဲ့တာ လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိ ကျောင်းမှာလူတရှုံးရှုံးနဲ့ တွေ့ကရာလူကိုလျှောက်လက်ခံ။ တကတဲ ဘုန်းကြီးကျောင်းဆိုတာ ဒုက္ခသည်ကယ်တင်ရေးစခန်းဖွင့်ထားသလားမှတ်ရတယ် အဲဒီလောက်ကူညီနေချင်ရင်လဲ"

"ဟဲ့ အာကျယ်မ ညည်းတော်စမ်း ညည်းပြောနေတာ ဘုန်းကြီးရဟန်းနော် လူဝတ်ကြောင်မဟုတ်ဘူး"

"ကက်ကက်ကို လန်နေတာပဲ။ ငရဲအိုးတွေတော့ ကြီးကုန်တော့မှာပဲ"

ဥက္ကဋ္ဌကတော်ဝင်တားတာတောင် ဒေါ်အာကျယ်မက မရပ်ချင်။ ဥက္ကဋ္ဌကြီးက ဟန့်လိုက်မှ ငြိမ်သွားသည်။

"ကဲ. . . အဲဒီလိုဆိုလဲ ဦးပဥ္စင်းမှာ အပြစ်ရှိရင် ဦးပဥ္စင်းကို ကြိုက်တဲ့အပြစ်သာပေးကြကုန်တော့ ဦးပဥ္စင်းခံယူပါ့မယ်"

"မဟုတ်တာ ဘုရား။ ဒီကိစ္စကို တပည့်တော်ကြည့်စီစဉ်ပါ့မယ် ဘုရား။ အရှင်ဘုရားကသာ ညက ဖြစ်ပျက်ခဲ့သမျှအကြောင်းတွေကို တပည့်တော်ကို မိန့်တော်မူပါဘုရား တပည့်တော်ဦးတင်ပါတယ်ဘုရား"

ဥက္ကဋ္ဌကြီးက လက်အုပ်ချီ၍ ဦးတိုက်ကန်တော့လျှောက်ထားလေတော့သည်။

(၂)

"ခွမ်း"

"ဘုတ်"

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်တွင် ဂလုန်းဂလွမ်းဖြင့် အသံများက ထွက်ပေါ်လာသည်။ ဘုန်းကြီးကျောင်းကလေးသည် ရွာတောင်ဘက်အစွန်းတွင် တည်ရှိသည်။ ကျောင်း၌ကျောင်းထိုင်ဘုန်းကြီးတစ်ပါးသာရှိသည်။ ကပ္ပိယရှိသော်လည်း ကပ္ပိယသည်ကျောင်းနှင့် မလှမ်းမကမ်းအဆောက်အအုံငယ်ကလေး၌ တစ်ကိုယ်တည်းနေသည်။ ဘုန်းကြီးသည် ကျိန်းစက်နေရာမှ နိုးထလာချေသည်။ သို့သော် ကျက်သရေခန်းတွင်း၌သာ နေထိုင်လျက်ရှိသည်။ မကြာမီတွင် အသံများက ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည်။ အစကတော့ ဘုန်းတော်ကြီးက ကြွက်များသောင်းကျန်းနေပြီဟု ထင်ကာ ငြိမ်နေခဲ့သည်။ ကြာလာတော့ အသံတွေက ကြွက်ကြောင့်မဟုတ်မှန်းသိလာရသည်။

"ဒေါက် ဒေါက် ဒေါက်"

ဘုန်းတော်ကြီးသီတင်းသုံးရာ ကျက်သရေခန်း တံခါးကို ခေါက်နေခြင်းဖြစ်သည်။ ဘုန်းတော်ကြီးသည် အခန်းတံခါးကို မဖွင့်သေးဘဲ စဉ်းစားနေသည်။

"ဒေါက် ဒေါက် ဒေါက်"

"အရှင်ဘုရား တံခါးလေးဖွင့်ပေးပါအုံးဘုရား။ တပည့်တော်တို့ အကူအညီလေးတောင်းချင်လို့ပါဘုရား"

ဘုန်းတော်ကြီးသည် တံခါးကို ချက်ချင်းပင် ထဖွင့်ပေးလိုက်သည်။ လူသုံးဦးကို မျက်နှာဖုံးစွပ်လျက်နှင့် တွေ့လိုက်သည်။ ဓားမြှောင်ကိုယ်စီကိုင်ဆောင်ထားကြသည်။ ဘုန်းတော်ကြီးက-

"ဒကာတို့က ဘယ်သူတွေတုံး။ ဦးပဥ္စင်းက ဘာများကူညီရမှာတုံး"

လူသုံးယောက်က တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ဓားပြထဲမှတစ်ယောက်က-

"တပည့်တော်တို့ကို ခွင့်လွှတ်တော်မူပါဘုရား။ ရှင်းရှင်းလျှောက်တင်ရရင် ဘုရားတပည့်တော်တို့ အရှင်ဘုရားကို ဓားပြတိုက်မလို့ပါဘုရား"

"ဟေ"

ဘုန်းတော်ကြီးသည် အံ့အားသင့်သွားရသည်။ ပြီးမှ-

"ဦးပဥ္စင်းကို ဓားပြတိုက်တော့ ဘာရမှာမို့လို့တုံး ဒကာတို့ရဲ့။ ဦးပဥ္စင်းမှာကိုယ်ပိုင်ပစ္စည်းဆိုလို့ ဘာမှ မည်မည်ရရမရှိပါဘူးကွယ်"

"တင်ပါ့ဘုရား။ ဒါပေမဲ့ ဘုရားဌာပနာထည့်ဖို့ ရွာသူ၊ ရွာသားတွေလှူထားကြတဲ့ လက်ဝတ်တန်ဆာရတနာတွေနဲ့ပိုက်ဆံတွေ ရှိတယ်မဟုတ်လားဘုရား"

"ဟေ ဘုရား ဘုရား မကြံကောင်းမစည်ရာပါတကား။ မှားမယ်ဒကာတို့ မဖြစ်မှားထိုက်ဘူး မကြံစည်ကြနဲ့ ဒကာတို့"

ဓားပြသုံးဦးသည် ခေတ္တမျှငြိမ်သက်စွာစဉ်းစား၍နေလိုက်သေးသည်။ သို့သော်-

စာမျက်နှာ ၂၅သို့ ➤

# ဖျာပုံမြို့နယ်တွင် ပင်လယ်ကျားဖောင်ငါးဖမ်းလုပ်ငန်းများ ပြန်လည်စတင်လုပ်ကိုင်နေ



**ဖျာပုံ နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ပင်လယ်ကျားဖောင် ငါးဖမ်းလုပ်ငန်းများ နိုဝင်ဘာ ၁၄ ရက်မှ ပြန်လည်စတင် လုပ်ကိုင်နေပြီဖြစ်ကြောင်း ဖျာပုံမြို့နယ်မှ ပင်လယ်ကျားဖောင်ငါးဖမ်းလုပ်ငန်းဦးစီး ဦးဇော်ထက်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေနှင့် အထွေထွေကုန်ကျစရိတ်များခဲ့သည့်အတွက် ပင်လယ်ကျားဖောင်ဖြင့် ငါးဖမ်းသည့်လုပ်ငန်းကို ယာယီရပ်နားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျော့ကျနေခြင်း၊ ငါးဈေးကွက်ပြန်လည်ပွင့်လာခြင်း၊ ပင်လယ်ကျားဖောင်ပြင်ဆင်သည့် ကုန်ကျစရိတ်လျော့နည်းသွားခြင်းတို့ကြောင့် ပင်လယ်ကျားဖောင်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ အဆိုပါပင်လယ်ကျားဖောင်မှရရှိသည့်ငါးများနှင့်ပုစွန်များကို တင်ပို့ရောင်းချသည့် ပြည်တွင်း၊ ပြည်ပဈေးကွက်ပြန်ပွင့်လာပြီဖြစ်ကြောင်း သိရသည်။

"ကိုဗစ်ရောဂါဖြစ်ပွားတာရယ်၊ အထွေထွေကုန်ကျစရိတ်တွေများခဲ့တာရယ်ကြောင့် ပင်လယ်ကျားဖောင်ငါးဖမ်းလုပ်ငန်းကို အရင်နှစ်ကတည်းက လုပ်ငန်းပိတ်သိမ်းရပ်နားခဲ့တာပါ။ ဒီနှစ်တော့ ရာသီဥတုကလဲသာယာတယ်။ ကိုဗစ်-၁၉ ရောဂါကလဲ ဖြစ်ပွားတာလျော့ကျလာတယ်။ နောက်ပြီး ကျားဖောင်ပြင်ဆင်တဲ့စရိတ်ကလဲ မြန်လျော့ကျလာလို့ ပင်လယ်ကျားဖောင်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်လာတာပါ။ ကျားဖောင်ငါးဖမ်းလုပ်ငန်းကနေ ရရှိတဲ့ ငါးနဲ့ ပုစွန်တွေကို အဓိကဝယ်ယူတဲ့ ပြည်တွင်းနဲ့ ပြည်ပဈေးကွက်တွေကလဲ ပြန်ပွင့်လာပြီဖြစ်လို့ ပြန်လည်စတင်လုပ်ကိုင်လာတာပါ"ဟု ဦးဇော်ထက်က ပြောပြသည်။

အဆိုပါပင်လယ်ကျားဖောင်လုပ်ငန်းသည် ပင်လယ်ပြင်တွင် ငါးမျိုးစုံနှင့် ပုစွန်များကို အဓိကဖမ်းယူကြသည့်လုပ်ငန်းဖြစ်ကြောင်း၊ ပင်လယ်ကျားဖောင်တစ်ဖောင်လျှင် လုပ်သား ၁၀ ဦးမှ ဦးရေ ၂၀ ထိ လုပ်ကိုင်ကြပြီး တစ်ဦးလျှင် ငွေကျပ် ၁၄၀၀၀၀ မှ ၁၆၀၀၀၀ ထိ ပေးငွေရမ်းလုပ်ကိုင်ရကြောင်း၊ ပင်လယ်ပြင်တွင် ပင်လယ်ကျားဖောင်ဖြင့် ဖမ်းယူရရှိသော ငါးများ၊ ပုစွန်များကို ရန်ကုန်ဈေးကွက်နှင့် ပုသိမ်ဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ကျားဖောင်တစ်ဖောင်လျှင် အထွေထွေကုန်ကျစရိတ်ငွေကျပ်သိန်း ၇၀ မှ ၈၅ သိန်းထိ အကုန်အကျခံလုပ်ဆောင်ရကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄မှအဆက်

"ခွင့်လွှတ်ပါဘုရား။ တပည့်တော်တို့ အသုံးလိုနေလို့ ခွင့်ပြုပေးတော်မူပါဘုရား။ တပည့်တော်တို့ အနုနည်းနဲ့ တောင်းခံနေတာပါဘုရား။ တပည့်တော်တို့ မကြမ်းချင်ဘူးဘုရား"

စောစောကဓားပြမှာ စကားပြောတင်းမာလာတော့သည်။ ဘုန်းတော်ကြီးက-

"စဉ်းစားကြပါအုံးဒကာတို့ ဘုရားပစ္စည်း၊ သံဃာ့ပစ္စည်းဆိုတာ ငရဲစာတွေကွဲ့ ဒကာတို့ရဲ့။ ငရဲစာဆိုတာတောင် ပေါ့ပေါ့သေးသေးလေးမထင်လိုက်လေနဲ့အုံး။ ငရဲကြီးရှစ်ထပ်မှာ ချိုးကပ်နေအောင် လွတ်လမ်းမရှိဝဋ်ကြွေးတွေကို မယူချင်ကြနဲ့။ တယ်ကြီးလေးတဲ့ ဒုက္ခဝဋ်ကြွေးတွေ"

ဓားပြတို့ ငြိမ်ချက်သားဖြင့် နားထောင်နေကြပြန်သည်။

"လာရာလမ်းကို ပြန်ကြလေတော့ဒကာတို့။ ဘယ်လောက်ပဲဝမ်းတစ်ထွာအတွက် ဒုက္ခရောက်နေပါစေ မကောင်းတဲ့အတွေး၊ မကောင်းတဲ့ အလုပ်တွေမလုပ်ကြနဲ့"

ဓားပြသုံးဦးသည် တစ်ဦးကို တစ်ဦးကြည့်၍ ဆုံးဖြတ်တိုင်ပင်နေသယောင်ရှိနေသည်။ သို့သော် ရှေ့ဆုံးမှဓားပြက-

"ဟာ ဟောကောင်တွေ ကြာတယ်ကွာ။ တို့တွေ ဒီထိရောက်လာပြီးမှတော့ မထူးတော့ဘူး။ အရှင်ဘုရားလဲ ဆက်ပြီး တရားချမနေပါနဲ့တော့ တပည့်တော်တို့ကို ကြည်ကြည်ဖြူဖြူနဲ့ ပေးသာပေးလိုက်ပါတော့ဘုရား"

ပြောပြောဆိုဆိုပင် ထိုဓားပြက ဘုန်းတော်ကြီးကို ဓားဖြင့်ထောက်၍ အကျပ်ကိုင်တော့သည်။

"အိမ်း ပြောမရမှတော့ ယူသွားကြတော့ပေါ့ ဒကာတို့။ ဪ. . . လောဘ၊ ဒေါသ၊ မောဟတွေ သိပ်ပြီးကြောက်စရာကောင်းလှပါတကား"

ပြောလို့မရသည့်အဆုံး ဘုန်းတော်ကြီးက ပစ္စည်းထားသည့်နေရာကို ပြပေးလိုက်တော့သည်။ ဓားပြများသည် ပစ္စည်းများကို ယူဆောင်၍ လျင်မြန်စွာထွက်သွားကြတော့သည်။ ဘုန်းတော်ကြီးသည် ကျက်သရေခန်းအတွင်းသို့ မဝင်နိုင်သေးဘဲ တောင့်တောင့်ကြီး ရပ်လျက်နေလေတော့သည်။ ကျောင်းပေါက်ဝဆီက ခွေးအူသံတချို့ထွက်ပေါ်လာသည်။ ဘုန်းကြီးကျောင်းကလေးသည် မီးရောင်လှဲ့လှဲ့ကလေးလင်းလက်လျက်ရှိသည်။

ကျောင်းအတွင်းသို့ တစ်စုံတစ်ယောက်ဝင်လာခဲ့သည်။ ရေနံဆီမီးခွက်၏ အလင်းရောင်ကြောင့် သဲသဲကွဲကွဲမသိ။ အနားရောက်လာမှ ကပ္ပိယကြီးဘမောင်ဖြစ်နေသည်။

ကပ္ပိယကြီးဘမောင်က-

"အရှင်ဘုရား စောစောက ကျောင်းထဲကနေ လူရိပ်တွေ တွေ့လိုက်လို့ဘုရား။ ဘယ်သူတွေလဲဘုရား"

ဘုန်းတော်ကြီးက တော်တော်နှင့်မဖြေ။ အတန်ကြာမှ-

"အိမ်း ဒကာကြီးဘမောင်ရေ မနက်မိုးလင်းမှပဲ ဦးပဉ္ဇင်းမိန့်မယ်။ မနက်ကျရင် ရွာသူ၊ ရွာသားတွေကို ကျောင်းကို ခေတ္တလာခဲ့ကြဖို့ ခေါ်ခဲ့ချေအုံး"

ပြီးသည်နှင့် ကပ္ပိယကြီးဘမောင်သည် ကျောင်းနှင့် မလှမ်းမကမ်းက သူ့အဆောက်အအုံလေးသို့ ပြန်သွားလေတော့သည်။

(၃)

"အဖြစ်အပျက်တွေက အဲဒါပါပဲ ဒကာ၊ ဒကာမတို့"

ရွာသူ၊ ရွာသားအားလုံးသည် ဘုန်းတော်ကြီးစကားဆုံးသည်နှင့် သူတစ်ပေါက်၊ ငါတစ်ပေါက် မှတ်ချက်ချကြတော့သည်။

"သူတို့အသံတွေက ဘယ်သူတွေအသံနဲ့ တူလဲဘုရား။ ဟိုညီသည်တွေအသံနဲ့ တူလားဘုရား"

ဒေါ်အာကျယ်မက ဝင်လျှောက်သည်။

ဥက္ကဋ္ဌကတော်ကလည်း-

"ဘယ်သူတွေဖြစ်နိုင်လဲ စဉ်းစားကြည့်ပါအုံးဘုရား"

ဘုန်းတော်ကြီးက ငြိမ်သက်စွာတွေဝေနေသယောင်ရှိသည်။ သို့သော်-

"သိပေတာပေါ့ ဒါပေသိ ဦးပဉ္ဇင်း ပြောမှာမဟုတ်ဘူး။ ဒီအတွက် ဦးပဉ္ဇင်းကို ပေးချင်တဲ့အဖြစ်သာ ပေးကြကုန်တော့"

ရွာသူ၊ ရွာသားတချို့ ဒေါသတကြီးဖြင့် သူတစ်ပေါက်၊ ငါတစ်ပေါက် ပြောကုန်ကြတော့သည်။ ဥက္ကဋ္ဌကြီးဦးမြသွင်ပင် ဘာမျှဖျန်ဖြေ၍မရနိုင်တော့ပေ။ ပြောကြသည့်အထဲ ဒေါ်အာကျယ်မက အဆိုးဆုံးဖြစ်သည်။

(၄)

ထိုနေ့က ဘုန်းကြီးကျောင်းကလေးသည် တရားသံ၊ တရားစကားဖြင့် အေးချမ်းနေမည့်အစား ဝုန်းဒိုင်းကြဲစွာစကားသံများဖြင့် ရှုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ကြသည်။ ဆရာတော်၏ ကျောင်းထိုင်သီတင်းသုံးခြင်းသည်လည်း နောက်ဆုံးနေ့ဖြစ်ခဲ့တော့သည်။

ချုံနွယ်ပိတ်ပေါင်းများနှင့် တစ်ဝက်တစ်ပျက် စေတီကလေးသည်လည်း တိတ်ဆိတ်စွာရှိနေတော့သည်။ ကပ္ပိယကြီးဦးဘမောင်သည် ကျောင်းကလေးနှင့် စေတီအပျက်ကလေးကိုကြည့်ပြီး ဝမ်းနည်းစွာမျက်ရည်များက စီးကျလာသည်။ ရွာသူ၊ ရွာသားတချို့၏ ဒေါသကိုအပြစ်မပြောသလို ဆရာတော်၏ သတ္တဝါများအပေါ် ဒုက္ခမရောက်စေလိုသောဆန္ဒကိုလည်း ကြည်ညိုလေးစားမိပြန်သည်။ တရားခံကိုသိနေပါလျက် ဆရာတော်က ဖွင့်မပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့သည်။ နောက်တော့ ရွာနှင့်ကျောင်းကလေးကိုစွန့်ခွာပြီး စစ်ကိုင်းတောင်ပေါ်ရှိက သာသနာပြုရိပ်သာတစ်ခုသို့ ကြွမြန်းသွားလေတော့သည်။

အရာအားလုံးသည် ကံတရား၏ အဆုံးအဖြတ်သာဖြစ်ပေ၏။ ဆိုပါလျှင် ယခုဘဝ မိမိတို့ပြုအပ်သော ကံ ကံ၏အကျိုးသည်လည်း မိမိတို့၏နောက်သို့ အရိပ်ပမာလိုက်နေမည်ဟူသော တရားသံဝေဂကို ဓားပြသုံးဦးတို့သိကြနိုင်မည့်တစ်နေ့တွင် အသိနောက်ကျနေလိမ့်မည်ကလားဟု၍ပင် ကပ္ပိယကြီးဦးဘမောင်တွေးရင်း ဘုရားစေတီဟောင်းကလေးကို ငြိမ်သက်စွာကြည့်နေမိလေတော့သည်။

## နိုင်ငံ့ရတနာ

\- သံလွင်ချင်းတွင်း မြစ်မင်းရော
ပြာလဲ့ပင်လယ် စစ်တောင်းငယ်သည်
မကွယ်မပျောက် စောင့်ရှောက်ရမည့်
ထူးသည့်တိုင်းပြည့် ရတနာ။

\- ရေနံတွင်းထွက်
ကျောက်မျက်သယံ စပါးဆန်နှင့်
လေးတန်ရိုးမ ဂနိုင်လှလည်း
ထူးစွတိုင်းပြည့် ရတနာ။

\- ဗုဒ္ဓမွေသရီ
စေတီဘုရား ကျောင်းကန်များလည်း
သည်းကြားရစ်တွယ် ချစ်မပြယ်သည့်
အံ့ဖွယ်ကောင်းသည့် ရတနာ။

\- မင်္ဂလာပါ ချိုသံသာဖြင့်
မူရာယဉ်ကျေး ခွန်းဆက်တေးသီ
ရင်သွေးသည်ကား
များစွတန်ဖိုး စံချိန်ချိုးလျက်
ပြည်ကျိုးဆောင်မည့် ရတနာ။
တန်ခိုးပြောင်သည့် ရတနာ။ ။

**စိုင်းနေဝန်း**

# ဆွမ်ပရာဘွမ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**ဆွမ်ပရာဘွမ် နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆွမ်ပရာဘွမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ဦးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းသို့ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ခင်ဒူယန်၊ အင်ကောမ၊ ခေါ့ကရန်းယန်နှင့် မိုင်ထောင်ကျေးရွာတို့မှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက လက်သမား၊ ပန်းရန်နည်းပညာများကို စာတွေ့၊ လက်တွေ့ဖြင့် နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၈ ရက်ထိ သင်တန်းကာလ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**


ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး အမေရိကန်နှင့် တရုတ်နိုင်ငံတို့ သဘောတူညီမှုရရှိ




**ကိုင်ရို နိုဝင်ဘာ ၁၅**

အီဂျစ်နိုင်ငံ၌ ကျင်းပနေသည့် ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုဆိုင်ရာညီလာခံ (COP27) တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့လည်း တက်ရောက်ခဲ့ကြပြီး ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီမှုရရှိခဲ့ကြောင်း COP27 ညီလာခံကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကြား ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအပြင် အခြားသောလုပ်ငန်းများတွင်လည်း နှစ်နိုင်ငံကြား ပူးပေါင်း ဆောင်ရွက်သွားရန် သဘောတူညီမှု ရရှိခဲ့ကြောင်း၊ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု အမြင့်မားဆုံးသော နိုင်ငံနှစ်နိုင်ငံ၏ ခေါင်းဆောင်များကြား ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီမှုရရှိခဲ့ခြင်းသည် COP27 ညီလာခံအတွက် ဂုဏ်ယူစရာအောင်မြင်မှုဖြစ်ကြောင်း COP27 ညီလာခံကျင်းပရေးကော်မတီက မှတ်ချက်ပြုခဲ့သည်။ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ယခုနှစ်အစောပိုင်းကတည်းက ရည်ရွယ်ထားသော်လည်း အိမ်ဖြူတော်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ နန်စီပယ်လိုစီသည် ထိုင်ဝမ်ကျွန်းသို့ အလည်အပတ်သွားရောက်ခဲ့သည့် ကိစ္စကြောင့် တရုတ်အစိုးရက အမေရိကန်အစိုးရအပေါ် မကျေမနပ်ဖြစ်ကာ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆွေးနွေးသွားမည့် အစီအစဉ်ကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု အမြင့်မားဆုံးနိုင်ငံနှစ်နိုင်ငံကြား ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ သဘောတူညီချက်ရရှိခဲ့တာဟာ အနာဂတ်အတွက် အပေါင်းလက္ခဏာဆောင်ပါတယ်။ မဖြစ်မနေလုပ်ဖို့လိုအပ်နေတဲ့ လုပ်ငန်းတစ်ခုကို လုပ်ဆောင်သွားဖို့ သဘောတူညီချက်ရရှိခဲ့တာဟာလဲ ညီလာခံရဲ့ အောင်မြင်မှုမှတ်တိုင်လို့ သတ်မှတ်နိုင်ပါတယ်"ဟု အဆိုပါသဘောတူညီချက်ရရှိခဲ့ခြင်းနှင့်ပတ်သက်ပြီး စပိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ထရီဆာရီဘာရာက ပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# မာရီယာနာကျွန်းရှိ ပစိဖိတ်သမုဒ္ဒရာရေအောက်တွင်ရှိသောမီးတောင် ပေါက်ကွဲလာနိုင်



**ဝါရှင်တန် နိုဝင်ဘာ ၁၅**

အမေရိကန်နိုင်ငံ၏ ဓနသဟာယနယ်မြေဖြစ်သော မာရီယာနာကျွန်းရှိ ပစိဖိတ်သမုဒ္ဒရာရေအောက်တွင်ရှိသောမီးတောင် ပေါက်ကွဲလာနိုင်ကြောင်း အမေရိကန်အမျိုးသားမြေငလျင်စင်တာက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း AP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေအောက်မီးတောင်တွင် သက်ဝင်လှုပ်ရှားမှုရှိသည့်လက္ခဏာများ စစ်ဆေးတွေ့ရှိထားသည့်အတွက် ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားလာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများ ရိုက်ကူးကာ ရေအောက်မီးတောင်အခြေအနေကို စောင့်ကြည့်စစ်ဆေးခဲ့သည်။ သုတေသီများ၏ ခန့်မှန်းချက်များအရ ရေအောက်မီးတောင်ပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားလာပါက ပေါက်ကွဲအားပြင်းထန်နိုင်ပြီး မာရီယာနာကျွန်းတွင် ပျက်စီးဆုံးရှုံးမှု မြင့်မားလာနိုင်ကြောင်း သိရသည်။

"မာရီယာနာကျွန်းရဲ့ ပစိဖိတ်သမုဒ္ဒရာရေပြင်မှာ ရေအားလျှပ်စစ်သုံးအာရုံခံကိရိယာတွေကိုတပ်ဆင်ထားပါတယ်။ အာရုံခံကိရိယာတွေရဲ့တိုင်းတာချက်အရ မာရီယာနာကျွန်းမှာရှိတဲ့ ရေအောက်မီးတောင်ဟာ သက်ဝင်လှုပ်ရှားနေတယ်။ ပေါက်ကွဲမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့လက္ခဏာပြနေတယ်။ ဒီလိုအခြေအနေမျိုးမှာ သုတေသနလုပ်ငန်းကြောင့်ဖြစ်စေ၊ လုပ်ငန်းတာဝန်အရဖြစ်စေ ရေအောက်ကိုသွားပြီး စူးစမ်းလေ့လာတာမျိုး မလုပ်သင့်ပါဘူး။ သတိပြုရှောင်ကြဉ်သင့်ပါတယ်"ဟု အမေရိကန်အမျိုးသားမြေငလျင်စင်တာမှ ပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# ဂျပန်နိုင်ငံတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူးရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**တိုကျို နိုဝင်ဘာ ၁၅**

ဂျပန်နိုင်ငံ အလယ်ပိုင်းတွင် နိုဝင်ဘာ ၁၄ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူးရှိသည့်မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဂျပန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့ကြောင်း Live Mint သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ပြင်းအားများခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲဆူနာမီလှိုင်း ဝင်ရောက်လာဖွယ်မရှိကြောင်း ဂျပန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့ကြောင်း၊ မြေငလျင်သည် မီရယ်စီရင်စုဧရိယာအတွင်း လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး တိုကျိုမြို့တော်အပါအဝင် မြေငလျင်လှိုင်းဒဏ်သင့်ခဲ့သည့်ဒေသအမြောက်အမြားရှိခဲ့ကြောင်း၊ မြေငလျင်သည် နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီ ၉ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ကီလိုမီတာ ၃၅၀ မှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းကြောင့် ကြီးမားသည့်ပျက်စီးမှုမရှိခဲ့ကြောင်း ဂျပန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်။ ဗဟိုပြုသည့် အကွာအဝေးနီးကပ်ပါက လူနေအိမ်ခြေများကို ပျက်စီးစေနိုင်သည့်အနေအထားဖြစ်ပြီး မြေငလျင်လှိုင်းဒဏ်ကြောင့် ဒေသခံများ အထိတ်တလန့်ဖြစ်ခဲ့ရသည်။ မြေငလျင်လှိုင်းဒဏ်သင့်ခဲ့သော ဒေသများမှ ဒေသခံများသည် မြေငလျင်လှုပ်ခတ်ချိန်၌ အမိုးအကာများအောက်မှ တိမ်းရှောင်ခဲ့ရပြီး အခြေအနေတည်ငြိမ်သွားမှသာ နေအိမ်များအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီ ၉ မိနစ်မှာ ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူးရှိတဲ့ မြေငလျင်လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ဟာ မီရယ်စီရင်စုအတွင်းမှာ လှုပ်ခတ်ခဲ့တာဖြစ်ပြီး မြေအောက်အနက် ကီလိုမီတာ ၃၅၀ အကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ တိုကျိုမြို့အပါအဝင် အနီးပတ်ဝန်းကျင်မြို့တွေထိ မြေငလျင်လှိုင်းရောက်ရှိခဲ့ပါတယ်။ မြေငလျင်ပြင်းအားများခဲ့ပေမဲ့လဲ မြေငလျင်နောက်ဆက်တွဲဖြစ်တဲ့ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိပါဘူး"ဟုဂျပန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ကြေညာခဲ့သည်။ **ခိုင်းဆက်**

# ကန်တပ်ကီပြည်နယ်တွင် ယခုလအတွင်း တောမီးလောင်ကျွမ်းမှု ၅၂ ကြိမ်ဖြစ်ပွား

**နယူးယောက် နိုဝင်ဘာ ၁၅**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် မိုးခေါင်ပြီး ခြောက်သွေ့လာမှုကြောင့် တောမီးလောင်ကျွမ်းမှုအကြိမ်ရေများပြားလာကာ ယခုလအတွင်း တောမီးလောင်ကျွမ်းမှု ၅၂ ကြိမ် ဖြစ်ပွားခဲ့သည်ဟု သဘာဝဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း WFPL သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ကန်တပ်ကီပြည်နယ်တွင် ယခုနှစ်မိုးခေါင်မှုကြောင့် ပတ်ဝန်းကျင်ခြောက်သွေ့ခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှာ ယခင်နှစ်ကထက် ပိုမိုများပြားလာခဲ့ကြောင်း ပြည်နယ်သစ်တောဌာနမှ အကြီးတန်းသဘာဝဆိုင်ရာ သိပ္ပံပညာရှင် စတီဗင်ကာလ်းက ပြောကြားခဲ့ကြောင်း သိရသည်။

ယခုလအတွင်း ကန်တပ်ကီပြည်နယ်တစ်ဝန်း တောမီးလောင်ကျွမ်းမှု ၅၂ ကြိမ် ဖြစ်ပွားခဲ့ပြီး သစ်တောဧက ၆၀၀၀ ကျော် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် ပြည်နယ်အတွင်း လေထုအရည်အသွေးကို ထိခိုက်ကျဆင်းစေခဲ့ကြောင်း သိရသည်။

"ပုံမှန်အားဖြင့် နှစ်တိုင်း ဒီအချိန်ဆို တောမီးလောင်ကျွမ်းမှုကို နှေးကွေးအောင် ညဘက်မှာ တက်လာတဲ့အစိုဓာတ်က ကူညီနိုင်ခဲ့ပေမဲ့ ဒီနှစ်မှာတော့ မိုးခေါင်မှုကြောင့် အစိုဓာတ်က မရှိပါဘူး"ဟု ကာလ်းက ပြောကြားခဲ့သည်။

ကန်တပ်ကီပြည်နယ်တွင် ယခုကာလသည် ပုံမှန်အားဖြင့် ဆောင်းဦးကာလ ခြောက်သွေ့သောရာသီဥတုဖြစ်သော်လည်း ယခုနှစ်တွင် မိုးခေါင်မှုမှာ ပြင်းထန်သောအဆင့်တွင်ရှိနေသဖြင့် အမေရိကန်မိုးခေါင်ရေရှားမှု စောင့်ကြည့်ရေးအဖွဲ့က စောင့်ကြည့်လျက်ရှိပြီး ယခုနှစ် အောက်တိုဘာလမှ ယခုနိုဝင်ဘာလလယ်ထိ သစ်တောဧက ၁၅၇၀၀ ကျော် တောမီးလောင်ကျွမ်းခဲ့ရကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုများကို ပြည်နယ်မီးသတ်တပ်ဖွဲ့ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး ဗာဂျီးနီးယား၊ ပင်ဆယ်ဗေးနီးယားနှင့် တက္ကဆက်ပြည်နယ်အပါအဝင် အခြားပြည်နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များထံမှပါ အကူအညီရယူခဲ့ရကြောင်း သိရသည်။

ကန်တပ်ကီပြည်နယ် တောမီးလောင်ကျွမ်းမှုအများစုသည် လူတို့၏ ပယောဂကြောင့်ဖြစ်ပြီး ပေါ့ဆမှုကြောင့် လောင်ကျွမ်းမှုအများဆုံးဖြစ်ပွားသဖြင့် လူများအနေဖြင့် သတိပြုဆင်ခြင်နေထိုင်ရန် ကာလ်းက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ AZH

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ဒုတိယအကြိမ် ရေကြီးရေလျှံမှုနှင့်ကြုံတွေ့နေရ

**ကင်ဘာရာ နိုဝင်ဘာ ၁၅**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် အနောက်အလယ်ပိုင်းတွင် နိုဝင်ဘာလအတွင်း ဒုတိယအကြိမ် ရေကြီးရေလျှံမှုနှင့် ကြုံတွေ့နေရကြောင်း၊ ရေကြီးရေလျှံမှု ထပ်မံဖြစ်ပွားမှုကြောင့် ဒေသ ၂၅ ခုအတွင်း သတိပေးချက် ၁၇ ချက် ထုတ်ပြန်ထားရသည်ဟု 9 News သတင်းဌာနက ယနေ့ ရေးသားဖော်ပြထားသည်။

နယူးဆောက်ဝေး ပြည်နယ်အတွင်းရှိ လက်ချ်လန်မြစ်သည် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ် ၁၀ ဒသမ ၈ မီတာသို့ ရောက်ရှိရန် အလားအလာရှိသောကြောင့် ဖော်ဘီးမြို့တွင်နေထိုင်သူများကို ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းကြရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

ယနေ့ညနေပိုင်းတွင် စံချိန်တင်မြစ်ရေမြင့်တက်လာပါက အိမ်ခြေ ၅၀၀ မှ ၆၀၀ ထိ ရေနစ်မြုပ်နိုင်သဖြင့် နယူးဆောက်ဝေးပြည်နယ် အရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီး စတီကော့ဗ်က ရေကြီးရေလျှံမှုကို တုံ့ပြန်ရန် ကာကွယ်ရေးအင်အား ၁၀၀ ထပ်မံတိုးမြှင့်ပေးထားကြောင်း ပြောကြားခဲ့သည်။

နယူးဆောက်ဝေးပြည်နယ်၏ အကြီးဆုံးဆည်တစ်ခုဖြစ်သော Wyangala ဆည်သည် Lachlan မြစ်ထဲသို့ တစ်ရက်လျှင် ရေဂစ်ဂါလီတာ ၈၀၀၀၀ ကျော် ပိုလျှံစီးဆင်းလျက်ရှိသဖြင့် ရေလွှမ်းမိုးမှုအလွန်လျင်မြန်ခဲ့ပြီး လမ်းနှင့်တံတားများကို ပျက်စီးစေခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်၊ နယူးဇီလန်၊ စင်ကာပူနိုင်ငံတို့မှ စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးသမားများ လာရောက်ကူညီလျက်ရှိပြီး ယခုကဲ့သို့ ရေကြီးရေလျှံမှုကြောင့် ပြည်ပမှ ကယ်ဆယ်ရေးအဖွဲ့များ လာရောက်ကူညီပေးရသည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုများမှ လူဦးရေ ၂၀၀ ကျော်ကို ကယ်ဆယ်ထားနိုင်ခဲ့ပြီး အရေးပေါ်သတင်းပို့မှုပေါင်း ၉၀၀ ကျော်ကိုလည်း လက်ခံရရှိထားကာ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း စတီကော့ဗ်က ထပ်မံပြောကြားခဲ့သည်။ AZH

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၆၄၉၈ ဧက စိုက်ပျိုးပြီးစီး



**ခင်ဦး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၆၄၉၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲမျိုးစုံ ၄၅၈၁၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် စက်တင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၆၄၉၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းကာလမှာ ပဲမျိုးစုံဧက ငါးသောင်းကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက သုံးသောင်းကျော်စိုက်ပြီးပြီ။ အခုလက်ရှိလဲ ဆက်လက်စိုက်ပျိုးနေကြတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၅၄၈၂ ဧက၊ မတ်ပဲ ၆၃၂၂ ဧက၊ ထောပတ်ပဲ ၅၄၃ ဧက၊ စွန်တာပြာ ၁၁၅၅၂ ဧက၊ ပဲကြီး ၃၇၂ ဧက၊ အခြားပဲ ၁၂၂၂၇ ဧက စုစုပေါင်း ၃၆၄၉၈ ဧက စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးသည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းယောင်းမြို့နယ်၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟောင်ကြန့်ကျေးရွာအုပ်စု ပါဆတ်-ကျန်ပါကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ပါဆတ်-ကျန်ပါကျေးရွာ၌ အလျား တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ၎င်းကုန်ထုတ်လမ်းပေါ်ရှိ အရှည် ၂၂ ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert တံတား သုံးစင်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



ပါဆတ်-ပါကျန် ကျေးရွာ ကျေးလက် ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၁၀၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်မိုင်းယောင်း ကုမ္ပဏီက အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစံလင်းထံမှ သိရသည်။

**စိုင်းနံလွင်**

# တာယာစက်ရုံ(သထုံ)ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

မွန်ပြည်နယ်ရှိ တာယာစက်ရုံ(သထုံ)ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership- PPP) ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၏ နိုဝင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂၀) အကြီးစားစက်ရုံ တာယာစက်ရုံ (သထုံ)တွင် တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများအပြင် အခြားသောစက်မှုထုတ်ကုန်ပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပမှပုဂ္ဂလိကရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership-PPP)ပုံစံဖြင့် ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာများကို စီမံရေးရာဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့လိပ်မူကာ ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီအရောက် ပေးပို့တင်ပြကြရမည်ဖြစ်သည်။

အဆိုပြုလွှာပုံစံနှင့် အခြား သက်ဆိုင်သော စာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာ အထောက်အထားများတင်ပြကာ အဆိုပါရုံးဌာနတွင် နိုဝင်ဘာ ၁၄ ရက်မှ စတင်၍ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

အဆိုပြုလွှာနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများ လာရောက်ထုတ်ယူရာတွင် လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်း ဖော်ပြသည့်တင်ပြစာ၊ သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်၊ နည်းပညာပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီဆိုင်ရာ အချက်အလက်များ၊ ရင်းနှီးမြှုပ်နှံလိုသူများ၏ လုပ်ကိုင်မည့်လုပ်ငန်းအတွက် အတွေ့အကြုံ၊ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် Contact Person ၏ အမည်၊ ရာထူး၊ လိပ်စာနှင့် အီးမေးလ် စသည်တို့ကို တင်ပြရမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၆၇၅၊ ၀၆၇-၄၀၈၆၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ချမ်းချမ်း**

# မိုင်းဖြတ်မြို့နယ်တွင် ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော နားမွန်း၊ နားလီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက နားမွန်းကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်အချက်များနှင့် လိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက နားမွန်း၊ နားလီး မြစိမ်းရောင်စီမံကိန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေများ မပျောက်ပျက်အောင် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျထိန်းသိမ်းရန်၊ အသင်းဝင်များက ချေးထားသော ရန်ပုံငွေများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစနစ်တကျ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သင့်ကြောင်းနှင့် စာရင်းဇယားများစနစ်တကျပြုစုရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက နားမွန်း၊ နားလီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကိုငွေကျပ် ၁၇ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၇ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။ **ခင်မာ**

# မြောက်ဦးမြို့နယ် ဘာညိုကျေးရွာ၌ ရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဘာညိုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ဘာညိုကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော တာရာလင်းလက်ထွန်းကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့နယ် ဘာညိုကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၁၀၀၊ အနက်ခြောက်ပေ မြေသားရေကန်တူးဖော်ခြင်းနှင့် အရှည်ပေ ၆၀၀ ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် တာရာလင်းလက်ထွန်းကုမ္ပဏီက မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၄ ရက်ထိ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။ **ကိုသန်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရာသီဥတုဖောက်ပြန်ရခြင်းအကြောင်းတရားများနှင့် ဖြစ်လာနိုင်သောဆိုးကျိုးများ

ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၇၅ ရာခိုင်နှုန်းကျော်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်တို့သည် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ လောင်ကျွမ်းခြင်းမှထွက်ပေါ်လာခြင်းဖြစ်ပြီး ထိုသို့ ဖန်လုံအိမ်ဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကိုဖြစ်စေသည်။

ထုတ်လွှတ်လိုက်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာမြေကိုဖုံးလွှမ်းလိုက်ပြီးနောက် ၎င်းတို့သည် နေ၏အပူကို ဖမ်းယူထားသည်။ ထိုသို့အပူကိုဖမ်းယူထားခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ဦးတည်သွားစေသည်။ သမိုင်းကြောင်းအချက်အလက်များအရ ယခုဆိုလျှင် ကမ္ဘာကြီးသည် မှတ်တမ်းတင်ထားသည့် ယခင်အပူချိန်ဆိုင်ရာအချက်အလက်များထက် ပိုမိုပူနွေးလာနေပြီဖြစ်ကာ အချိန်ကြာလာသည်နှင့်အမျှ အပူချိန်များသည် သဟဇာတဖြစ်နေသော ရာသီဥတုပုံစံများကို ပြောင်းလဲလာစေပြီး သဘာဝ၏ ပုံမှန်ဟန်ချက်ကို အနှောင့်အယှက်ပေးသည်။ ၎င်းသည် လူသားများနှင့် ကမ္ဘာပေါ်ရှိ အခြားသက်ရှိအားလုံးကို အန္တရာယ်များစွာဖြစ်စေသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲရခြင်းအကြောင်းရင်းများမှာ စွမ်းအင်ထုတ်ယူခြင်း၊ ကုန်ထုတ်လုပ်မှု၊ သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အစားအစာထုတ်လုပ်ခြင်း၊ ဓာတ်အားပေးအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းတို့ကြောင့်ဖြစ်သည်။

**စွမ်းအင်ထုတ်လုပ်ခြင်း**

လျှပ်စစ်နှင့် အပူစွမ်းအင်ထုတ်လုပ်ရန် ရုပ်ကြွင်းလောင်စာများကို လောင်ကျွမ်းစေခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာဓာတ်ငွေ့ထုတ်လွှတ်မှုအများအပြားကို ဖြစ်ပေါ်စေသည်။ လျှပ်စစ်နှင့် အပူစွမ်းအင်ထုတ်ရန် ရုပ်ကြွင်းလောင်စာများဖြစ်သည့် ကျောက်မီးသွေး၊ ရေနံ သို့မဟုတ် ဓာတ်ငွေ့များ လောင်ကျွမ်းရန်လိုအပ်သည်။ ထိုသို့လောင်ကျွမ်းခြင်းမှ ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် နိုက်ထရပ်အောက်ဆိုက်များ ကမ္ဘာမြေကို ဖုံးအုပ်လိုက်သည်။ ထိုသို့ဖုံးအုပ်ထားသော ဓာတ်ငွေ့များသည် နေ၏အပူကိုဖမ်းယူပေးသည့် အစွမ်းထက်သော ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ပြီး ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေသည်။ လေ၊ နေရောင်ခြည်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များမှ စွမ်းအင်ထုတ်လုပ်ခြင်းသည် ရုပ်ကြွင်းလောင်စာများမှ စွမ်းအင်ထုတ်ခြင်းထက် ဖန်လုံအိမ်ဓာတ်ငွေ့ သို့မဟုတ် လေထုညစ်ညမ်းမှုကို အနည်းငယ်မျှသာ ဖြစ်စေသည်။

**ကုန်ထုတ်လုပ်မှု**


ဘိလပ်မြေ၊ သံ၊ သံမဏိ၊ အီလက်ထရွန်နစ်၊ ပလတ်စတစ်၊ အဝတ်အထည်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ရန် စွမ်းအင်လိုအပ်ပြီး စွမ်းအင်ရရှိရန်အတွက် ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းရန်လိုသည်။ ထိုသို့လောင်ကျွမ်းခြင်းမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများဖြစ်ပေါ်လာသည်။ သတ္တုတူးဖော်ခြင်းနှင့် အခြားစက်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများသည်လည်း ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကိုဖြစ်စေသည်။ ထို့ပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင်အသုံးပြုသည့် စက်များသည် ကျောက်မီးသွေး၊ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ဖြင့် လုပ်ဆောင်လေ့ရှိကြသည်။ ပလတ်စတစ်ကဲ့သို့ ပစ္စည်းများကို ရုပ်ကြွင်းလောင်စာများမှ ရရှိသော ဓာတုပစ္စည်းများနှင့် ပြုလုပ်ကြသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းတွင် အကြီးမားဆုံးသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်စေသည်။

**သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း**

လယ်ယာ သို့မဟုတ် စားကျက်မြေများဖန်တီးရန် သစ်တောများကို ခုတ်ထွင်ခြင်း၊ ခုတ်ထစ်ခြင်းများ ပြုလုပ်ကြသည်။ ထိုသို့ခုတ်ထွင်ခံရသည့် သစ်ပင်များသည် ရှင်သန်စဉ်က ၎င်းတို့၏ပင်စည်နှင့်အကိုင်းများထဲတွင် ကာဗွန်ကိုသိုလှောင်ထားကြပြီး ခုတ်ထွင်ခံရပြီး အပင်များ သေသွားသည့်အခါ သိုလှောင်ထားသော ကာဗွန်များ ထွက်လာသည့်အတွက် ဓာတ်ငွေ့ထုတ်လွှတ်မှုဖြစ်စေသည်။ နှစ်စဉ် သစ်တောဟက်တာ ၁၂ သန်းခန့် ဖျက်ဆီးခံနေရပြီး သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို အဓိကစုပ်ယူသောကြောင့် ၎င်းတို့ကို ဖျက်ဆီးခြင်းသည် လေထုအတွင်းမှ ဓာတ်ငွေ့ထုတ်လွှတ်မှုကို ပိုမိုမြင့်မားလာစေသည်။ သစ်တောပြုန်းတီးမှု၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မြေယာချဲ့ထွင်အသုံးပြုမှုများသည် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ လေးပုံတစ်ပုံခန့်ကို ဖြစ်စေကြောင်း သိရှိရသည်။

**ဓာတ်အားပေး အဆောက်အအုံများ**

တစ်ကမ္ဘာလုံးတွင် လူနေအိမ်နှင့် စီးပွားရေးအဆောက်အအုံအများစုသည် လျှပ်စစ်ဓာတ်အားသုံးစွဲကြသည်။ အပူနှင့်အအေးအတွက် စွမ်းအင်လိုအပ်ချက်တိုးလာခြင်း၊ လေအေးပေးစက် ပိုင်ဆိုင်မှုမြင့်တက်လာခြင်း၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားသော လျှပ်စစ်ပစ္စည်းများအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုတိုးလာခြင်းကြောင့် လျှပ်စစ်စွမ်းအင် ပိုမိုလိုအပ်လာသဖြင့် မကြာသေးမီနှစ်များအတွင်း ဓာတ်အားပေးအဆောက်အအုံများ တိုးချဲ့လာကြသည်။ ထိုသို့တိုးချဲ့လိုက်သည့် စွမ်းအင်ဆိုင်ရာအဆောက်အအုံများသည်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို မြင့်တက်လာစေသည်။



**သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအသုံးပြုမှု**

ကားများ၊ ထရပ်ကားများ၊ သင်္ဘောများနှင့် လေယာဉ်အများစုသည် ရုပ်ကြွင်းလောင်စာများကိုအသုံးပြု၍ လည်ပတ်ကြရသည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ဖန်လုံအိမ်ဓာတ်ငွေ့များ အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို အဓိကဖြစ်ပေါ်စေပါသည်။ ပို့ဆောင်ရေးယာဉ်များ၏ စက်တွင်းလောင်ကျွမ်းသည့် အင်ဂျင်များသည် ဓာတ်ဆီကဲ့သို့ ရုပ်ကြွင်းလောင်စာဆီများ လောင်ကျွမ်းခြင်းဖြင့် လည်ပတ်ကြရသည့်အတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ပိုမိုကြီးထွားလာစေသည်ကို တွေ့ရသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် လေးပုံတစ်ပုံခန့်ဖြစ်သည်။ ထို့ပြင် လာမည့်နှစ်များအတွင်း၌လည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် စွမ်းအင်အသုံးပြုမှုသည် သိသိသာသာတိုးလာနိုင်ကြောင်း လေ့လာမှုများအရ သိရသည်။

**အစားအစာထုတ်လုပ်ခြင်း**

စိုက်ပျိုးရေးအတွက် မြေယာရှင်းလင်းမှုနှင့် စားကျက်မြေများ ခုတ်ထွင်ရှင်းလင်းမှုကြောင့် သစ်တောပြုန်းတီးမှု၊ နွားနှင့် သိုးများကို စားသုံးရန်များစွာမွေးမြူခြင်းကြောင့် မီသိန်းဓာတ်ငွေ့များထွက်ရှိခြင်း၊ သီးနှံစိုက်ပျိုးရန်အတွက် မြေဩဇာများထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်း၊ လယ်ယာသုံးစက်ကိရိယာများတွင် ရုပ်ကြွင်းလောင်စာများအသုံးပြုခြင်း၊ ငါးဖမ်းလှေများ လည်ပတ်ရန် ရုပ်ကြွင်းလောင်စာများ အသုံးပြုခြင်းတို့ဆောင်ရွက်ကြရသည်။ ထိုသို့အကြောင်းတရားများကြောင့် အစားအစာထုတ်လုပ်ခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် အခြားဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကိုဖြစ်စေပြီး ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်စေသည်ဟု ဆိုခြင်းဖြစ်သည်။

**ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးများ**

**အပူချိန်မြင့်တက်လာခြင်း**

ဖန်လုံအိမ်ဓာတ်ငွေ့ပြင်းအား မြင့်တက်လာသည်နှင့်အမျှ ကမ္ဘာ့မျက်နှာပြင် အပူချိန်လည်းမြင့်တက်လာသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်များ ဆယ်စုနှစ်တာကာလသည် စံချိန်တင်အပူဆုံးနှစ်များဖြစ်လာခဲ့သည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ဆယ်စုနှစ်တစ်ခုစီသည် ယခင်နှစ်များထက် ပိုမိုပူနွေးလာခဲ့သည်။ ကုန်းမြေဒေသအားလုံးနီးပါးသည် ပိုမိုပူပြင်းသောနေ့များနှင့် ရင်ဆိုင်နေရပြီး အပူလှိုင်းများ မကြာခဏဆိုသလို ဖြတ်လေ့ရှိသည်ကိုလည်း တွေ့ရသည်။ မြင့်မားသောအပူချိန်ကြောင့် အပူနှင့်ဆက်စပ်သော ရောဂါများကို တိုးပွားလာစေသည့်အပြင် ပူပြင်းသောအပူရှိန်ကြောင့် အပြင်တွင် အလုပ်လုပ်ရန် ပိုမိုခက်ခဲလာသည်။ ထိုသို့ပူပြင်းခြောက်သွေ့မှုသည် တောမီးများလောင်ကျွမ်းမှုကို ပိုမိုဖြစ်စေကာ လောင်ကျွမ်းသည့်အခါတွင်လည်း ပိုမိုလျင်မြန်စွာပျံ့နှံ့လာသည်။

**ပိုမိုပြင်းထန်လာသောမုန်တိုင်းများ**

မုန်တိုင်းများသည် ဒေသအများအပြားတွင် ပိုမိုပြင်းထန်လာကာ မကြာခဏဆိုသလို အဖြစ်များလာသည်။ အပူချိန်မြင့်တက်လာသည်နှင့်အမျှ ရေများပိုမိုအငွေ့ပြန်ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေလွှမ်းမိုးမှုတို့ကိုဖြစ်ပေါ်လာစေကာ လူနေအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ အပူပိုင်းမုန်တိုင်းများ၏ ပြင်းထန်မှုအတိုင်းအတာသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပိုမိုဆိုးရွားလာစေသည်။ ထို့ပြင် ဆိုင်ကလုန်း၊ ဟာရီကိန်းနှင့် တိုင်ဖွန်းမုန်တိုင်းတို့သည် သမုဒ္ဒရာမျက်နှာပြင်ရှိ ပူနွေးသောရေများပေါ်တွင် မကြာခဏ ဖြစ်ပွားနေသည့်အတွက် သမုဒ္ဒရာများကိုလည်း ထိခိုက်စေသည်။ ထိုကဲ့သို့သော မုန်တိုင်းများသည် လူသေဆုံးမှုများနှင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများ ကြီးမားစွာ ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရသည်။

**အဖြစ်များလာသည့်မိုးခေါင်မှုများ**

ရာသီဥတုဖောက်ပြန်မှုကြောင့် ရေရရှိမှုများ ပြောင်းလဲလာကာ ဒေသများတွင် ရေပိုမိုရှားပါးလာသည်။ ကမ္ဘာကြီးပူနွေးလာမှုသည် ယခင်ကတည်းက ရေရှားပါးသောဒေသများ၌ ရေပြတ်လပ်မှုကို ပိုမိုဆိုးရွားလာစေပြီး စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းထိခိုက်လာကာ မိုးခေါင်မှုများသည် ဂေဟစနစ်ဆိုင်ရာ မညီမျှမှုများကို တိုးမြင့်လာစေသည်။ မိုးခေါင်ခြင်းသည် တိုက်ကြီးများကိုဖြတ်၍ သဲတန်ချိန်သန်းပေါင်းများစွာကို ရွှေ့လျားစေပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်စေသော သဲနှင့် ဖုန်မုန်တိုင်းများကို ဖြစ်ပေါ်စေသည်။ သဲကန္တာရဒေသများ ပိုမိုကျယ်ပြန့်လာပြီး စားနပ်ရိက္ခာအတွက် စိုက်ပျိုးမြေယာများ လျော့နည်းလာသည်ကိုတွေ့ရသည်။ ထို့ပြင် လူအများအပြားသည် ပုံမှန်ရေလုံလောက်စွာ မရရှိခြင်းအန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။

**ပူနွေးလာသော သမုဒ္ဒရာရေပြင်**

သမုဒ္ဒရာများသည် ကမ္ဘာကြီး၏အပူကိုစုပ်ယူပေးသည်။ ကမ္ဘာကြီးသည် ယခုအခါ ပိုမိုပူနွေးလာမှုကြောင့် သမုဒ္ဒရာများသည် ပုံမှန်စုပ်နေကျ အပူပမာဏထက်များစွာကို စုပ်ယူနေကြရသည်။ သမုဒ္ဒရာများ၏ ပူနွေးလာမှုနှုန်းသည် ပြင်းထန်စွာမြင့်တက်လာခဲ့သည်။ သမုဒ္ဒရာ ပူနွေးလာသည်နှင့်အမျှ ရေသည် ပိုပူလာပြီး ပူလျှင်ပွသည့်သဘောအရ ၎င်း၏ထုထည်သည် တိုးလာသည်။ ထို့ပြင် ရေခဲလွှာများ အရည်ပျော်ခြင်းသည် ပင်လယ်ရေမျက်နှာပြင်ကို မြင့်တက်လာစေသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည် ကမ်းရိုးတန်းနှင့် ကျွန်းစုများကို ရေလွှမ်းမိုးပြီး ဖုံးလွှမ်းသွားစေသဖြင့် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာသည်။ ထို့ပြင် သမုဒ္ဒရာသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူသည့်အတွက် ကာဗွန်ဒိုင်အောက်ဆိုက်များလေလေ သမုဒ္ဒရာကို အက်စစ်ဓာတ်များပိုဖြစ်စေပြီး အဏ္ဏဝါသက်ရှိများနှင့် သန္တာကျောက်တန်းများကို အန္တရာယ်ဖြစ်စေသည်။

**ဇီဝမျိုးစိတ်များ ဆုံးရှုံးလာခြင်း**

ရာသီဥတုဖောက်ပြန်ခြင်းသည် ကုန်းမြေနှင့် သမုဒ္ဒရာတို့တွင် ရှင်သန်သောဇီဝမျိုးစိတ်များ၏ ရှင်သန်မှုအတွက် အန္တရာယ်ရှိသည်။ အပူချိန်မြင့်တက်လာကာ ရာသီဥတုပြောင်းလဲမှုကြောင့် မှတ်တမ်းတင်ထားသော သက်ရှိမျိုးစိတ်များသည် ယခင်ကထက် အဆ ၁၀၀၀ ဆုံးရှုံးသွားကြသည်။ ထို့ပြင် မျိုးစိတ်တစ်သန်းသည် လာမည့်ဆယ်စုနှစ်အနည်းငယ်အတွင်း မျိုးသုဉ်းကာ ပျောက်ကွယ်သွားနိုင်သည်ကို လေ့လာတွေ့ရှိရသည်။

**ဆင်းရဲမွဲတေမှုနှင့် နေရာရွှေ့ပြောင်းမှုများ**

ရာသီဥတုဖောက်ပြန်ခြင်းသည် လူများကို ဆင်းရဲတွင်းနက်စေသော အကြောင်းရင်းများကို တိုးပွားစေသည်။ ရေကြီးခြင်းသည် မြို့ပြရပ်ကွက်များကိုဖျက်ဆီးလိုက်ပြီး နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပျက်စီးသွားစေနိုင်သည့်အပြင် အပူရှိန်ကြောင့် ပြင်ပအလုပ်များတွင် အလုပ်လုပ်ရန် အခက်အခဲဖြစ်စေနိုင်သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ၂၀၁၀-၂၀၂၀ ပြည့်နှစ်တွင် ရာသီဥတုဆိုင်ရာဖြစ်ရပ်များကြောင့် နှစ်စဉ်ပျမ်းမျှလူ ၂၃ ဒသမ ၁ သန်းခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရပြီး လူအများအပြားမှာ ဆင်းရဲမွဲတေမှုဒဏ်ကို ပိုမိုခံစားလာခဲ့ရသည်။ ထိုသို့ ပြောင်းလဲဖောက်ပြန်လာသော ရာသီဥတု၏ သက်ရောက်မှုများကို လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရန်လိုအပ်ပြီး ဖန်လုံအိမ်ဓာတ်ငွေ့များကို လျှော့ချရန်လိုအပ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

**Causes and Effects of Climate Change ကို ဘာသာပြန်ဆိုပါသည်။**

**မေဇင်ထွန်း**

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ (အဘိဓဇမဟာရဋ္ဌဂုရု) ဦးဆောင်သော

နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသသို့ လှူဒါန်းနေသော

ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်

ဗုဒ္ဓဘာသာ သာသနာရောင်ဝါနေသို့လင်းပြီး အရှည်ခန့်တည်တန့်ရန်အတွက် နှစ်စဉ်ဆောင်ရွက်နေသော

**(က) မွန်ပြည်နယ် ကျိုက်ထိုမြို့တွင် ဘ/ကကျောင်းသားများ၏ ရှင်(၁၀၀)ပြုပွဲတွင် တစ်ပါးလျှင် ၅၀၀၀ဝိ/(ငါးသောင်းကျပ်)**

**(ခ) နယ်စပ်နှင့်တောင်တန်းဒေသ တိုင်းရင်းသားများအတွက် "စောင်ခြုံထွေးလို့နွေးပါစေ"ရန်အတွက် စောင်တစ်ထည် ၄၅၀ဝိ/ကျပ်ဖြင့် လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုး မျှော်ကိုး၍ နှိုးဆော်အပ်ပါသည်။**

**(လိပ်စာ)** တောင်စလင်းတိုက်သစ်

၆၂လမ်း၊ ၃၂×၃၃လမ်းကြား၊ ချမ်းအေးသာစံ၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၄၂၀၇၄၄၆၆/၀၉-၆၆၀၈၅၀၃၉၉/၀၉-၉၇၅၇၆၄၃၂၃

**လှူရန်ဌာန** - ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ (အဘိဓဇမဟာရဋ္ဌဂုရု)
ဦးလှဝင်း (ဥက္ကဋ္ဌ) ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm


# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအရ မြို့ပတ်ရထားလမ်းများတွင် အုတ်စည်းရိုးများ ကာရံသွားမည်



**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းအရ မြို့ပတ်ရထားလမ်းများတွင် အုတ်စည်းရိုးများ ကာရံဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ သတင်းများအရ သိရသည်။

ရန်ကုန် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်သည့်စီမံကိန်းလုပ်ငန်းတွင် ရထားသံလမ်းများပြုပြင်ခြင်း၊ ရထားလူကူးခုံးကျော်တံတားများ ပြန်လည်တည်ဆောက်ခြင်း၊ ရထားဘူတာနှင့် ရထားလမ်းများတွင် စည်းရိုးကာရံခြင်းနှင့် မြို့ပတ်ရထားဘူတာများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများ ပါဝင်ကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် ရန်ကုန်မြို့ပတ်ရထားလမ်းနေရာ ၁၁ နေရာတွင် အုတ်စည်းရိုး ကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့ပတ်ရထားလမ်းနေရာများကို စည်းရိုး ကာရံဆောင်ရွက်ရာတွင် အုတ်စည်းရိုးများအဖြစ် ကာရံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့ပတ်ရထားလမ်းအုတ်စည်းရိုး ကာရံခြင်းလုပ်ငန်းဆောင်ရွက်သွားမည့်နေရာများမှာ သမိုင်းမြို့သစ်ဘူတာနှင့် ကြို့ကုန်းဘူတာကြား၊ ပုရွက်ဆိတ်ကုန်းဘူတာနှင့် ကျောက်ရေတွင်းဘူတာကြား၊ ကျောက်ရေတွင်းဘူတာနှင့် တံတားကလေးဘူတာကြား၊ တံတားကလေး ဘူတာနှင့် ပါရမီဘူတာကြား၊ ပါရမီ ဘူတာနှင့် ကံဘဲ့ဘူတာကြား၊ ကံဘဲ့ ဘူတာနှင့် တာမွေဘူတာကြား၊ ကမာရွတ်ဘူတာနှင့် သီရိမြိုင်ဘူတာကြား၊ ကြည့်မြင်တိုင်ဘူတာနှင့် ဟံသာဝတီဘူတာကြား၊ သီရိမြိုင် ဘူတာနှင့် အုတ်ကျင်းဘူတာကြား၊အုတ်ကျင်း ဘူတာနှင့် သမိုင်းဘူတာကြား၊ သမိုင်းဘူတာနှင့် သမိုင်းမြို့သစ်ဘူတာကြား စသည့်နေရာတို့ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းနေရာများတွင် အုတ်စည်းရိုးကာရံခြင်း လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တင်ဒါအဆိုပြုလွှာများကို နိုဝင်ဘာ ၁၄ ရက်မှစတင်၍ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တွင် ဝယ်ယူတင်သွင်းနိုင်ကြောင်း၊ နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၃၀ တွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ရန်ကုန်မြို့ပတ်ရထားလမ်းသည် အရည်အသွေးပြည့်မီသော မြို့ပတ်ရထားလမ်းတစ်ခုအဖြစ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# မကွေးမြို့နယ် တပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မကွေး နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မကွေးမြို့နယ် တပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ တပ်ကျေးရွာကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေး မှာကြားသည်။

အဆိုပါတပ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် တာဝန်ယူဆောင်ရွက်သည့် Glob-al Source ကုမ္ပဏီက ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတပ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက တပ်ကျေးရွာရှိ အိမ်ခြေ ၁၄၈ အိမ်၊ လူဦးရေ ၆၈၉ ဦးတို့၏ စိုက်ပျိုးမြေလယ်ယာဧက ၈၅၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။

**ကိုလှိုင်**







မြို့ဝဲရောဂါအထူးကုဆေးတိုက်
ခရူသင်း (သမင်ဖြူ)
LEUCODERMA
ခရူသင်း(သမင်ဖြူ)၊ မြွေနှီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ဆွေး၊ ဝဲ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးစိမ်းမောင်မြင့်အမှတ်-၃၊ ပါတော်နိုင်ငြိမ်ရန်ကုန်အင်းစိန်လမ်းကြေး၊ ဘုရားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၆၆၆၄၇၈၊ ၀၉-၇၅၈၃၂၉၆၁၇
(ခွဲ)မှတ်(၂)၆၂လမ်း၊၂၈× ၂၉လမ်းကြားအောင်တော်မှုရပ်၊မန္တလေးမြို့ ဖုန်း-၀၂-၄၀၂၂၂၃၅၁၈-၂၂၆၅၈၁၀၂

**ပျောက်ဆုံးကြောင်း**

ဒေသိုင်းချောင်းမြို့နေ စိုးသူ (ဘ) ဦးသံလုံး (၁၄/သဒခ(နိုင်)၀၀၅၈၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄ ၂၁၁၃၄၀၅၈

**ပျောက်ဆုံးကြောင်း**

ကြံခင်းမြို့နယ်နေ ဒေါ်အေးအေးမော် (ဘ) ဦးလှဆောင် (၁၄/ကခန(နိုင်)၀၉၁၆၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၇၀၂၁၆၅၇၈

**ပျောက်ဆုံးကြောင်း**

ကြံခင်းမြို့နယ်နေ အောင်မင်းဇော် (ဘ) ဦးသိန်းလွင် (၁၄/ကခန(နိုင်)၀၈၂၇၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၇၀၂၁၆၅၇၈

**ပျောက်ဆုံးကြောင်း**

မြန်အောင်မြို့နေ သန့်ဇင်လင်း (ဘ) ဦးတင်အေး (၁၄/မအန(နိုင်)၂၀၉၃၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၁၂၈၇၈၉၈

**ပျောက်ဆုံးကြောင်း**

ဟင်္သာတမြို့နယ်နေ ဇော်မင်းထွန်း (ဘ) ဦးထွန်းရှင် (၁၄/ဟသတ(နိုင်)၂၄၅၇၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄ ၂၄၃၇၂၃၅၇

**ပျောက်ဆုံးကြောင်း**

ကြံခင်းမြို့နေ ပိုင်ဇင်ဦး (ဘ) ဦးထွန်းရှင် (၁၄/ကခန(နိုင်)၀၈၉၆၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၄၆၄၈၅၉၆

**ပျောက်ဆုံးကြောင်း**

ကန်ကြီးထောင့်မြို့နယ်နေ ထက်ထက်နိုင် (ဘ) ဦးမြင့်ဦး (၁၄/ကကထ(နိုင်)၂၂၂၂၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၅၃၄၂၆၁၉

**ပျောက်ဆုံးကြောင်း**

မြင်းခြံမြို့နယ်နေ သိန်းထွန်း (ဘ) ဦးတုတ် (၉/မခန(နိုင်)၁၇၂၁၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

ကန်ကြီးထောင့်မြို့နယ်နေ သန်းပြည့်စုံ (ဘ) ဦးရဲမြင့် (၁၄/ဟသတ(နိုင်)၂၆၈၇၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၄၅၁၂၉၁၆

**ပျောက်ဆုံးကြောင်း**

ဟင်္သာတမြို့နယ်နေ ရန်လင်းအောင် (ဘ) ဦးခင်မောင်ဦး (၁၄/ဟသတ(နိုင်)၃၃၆၉၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၅၈၅၆၇၉၈၇

**ပျောက်ဆုံးကြောင်း**

မိုးကုတ်မြို့နေ ဘင်းမဲလာလ် (ဘ) ဦးရမ်းပါရာဆပ် (၉/မကန(နိုင်)၁၆၄၃၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၆၃၅၇၅၁

**သားအဖြစ်မှစွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ရွှေကျင်ကွက်သစ်နေ ဒေါ်သန်းသန်းဦး(၉/မရတ(နိုင်)၀၃၁၅၀၀)၏ သားဖြစ်သူ **မောင်အောင်မျိုးသန့်(၉/ပသက(နိုင်)၁၅၅၇၆၆)** သည် မိဘ၏ဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို ကျွန်မမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**ဒေါ်သန်းသန်းဦး**
**(၉/မရတ(နိုင်)၀၃၁၅၀၀)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကဏ္ဍ ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း...

❖ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း...

❖ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏ အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း...

**(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ စတင်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် စတင်ကျင်းပပြုလုပ်သည်။

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လက်ဝှေ့ပြိုင်ပွဲများကိုလည်းကောင်း၊ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသား၊ အမျိုးသမီးမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၊အမျိုးသား၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ စာမျက်နှာ ၁၆ ကော်လံ ၁ ☆



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အပြေးပြိုင်ပွဲကျင်းပစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV HD)၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Websiteနှင့် မြန်မာ့အသံရေဒီယို၊သဇင် FM၊ မန္တလေး FM၊ ပဒုမ္မာ FM၊ ရွှေ FM၊ ပတ္တမြားFM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FMတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း၊ပြည်ပ သတင်းမီဒီယာများကို ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Card Services
- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce



လုံခြုံလျင်မြန် ဆောင်ရွက်ပြန်မှန် မြဝတီဘဏ်

Phone No :
(01) 2301367, 2301368, 2301452, 2301378